မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်၊ ၂၀၁၀ခုနှစ်၊ ဧပြီ ၉ ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၉၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဧပြီ ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပမည့် (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက် ၉ နာရီတွင် အထူးလေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ *စာမျက်နှာ ၃ ကော်လံ ၁* ❍

နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ကျင်းပမည့်(၁၆)ကြိမ်မြောက် အာဆီယံ ထိပ်သီး အစည်းအဝေးသို့ တက်ရောက်မည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။(သတင်းစဉ်)

9-4 (01).pmd 1 4/9/2010, 1:16 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၉ ရက်)

ပြည်ထောင်စုတစ်ဝန်း ရထားလမ်းများ ကွန်ရက်သဖွယ်ဖောက်လုပ်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်ခဲ့သည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ပခုက္ကူ)ကို ဧပြီလ ၄ရက်နေ့က မကွေးတိုင်း ပခုက္ကူခရိုင် ပခုက္ကူမြို့၌ အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့သည်။

ယင်းစက်ရုံကြီးတည်ဆောက်နိုင်ခဲ့ခြင်းသည် မကွေးတိုင်းအတွက်သာမက နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဖွယ်ရာ ပြယုဂ်တစ်ခုအဖြစ် တည်ရှိနေမည်ဖြစ်သည်။ ကွန်ကရစ်ဇလီဖားစက်ရုံကြီးဖွင့်လှစ်နိုင်ခြင်းသည် ရထားလမ်းဖောက်လုပ်ရာ၌ အဓိကလိုအပ်သည့် ဇလီဖားများကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်၍ လမ်းပန်းဆက်သွယ်မှုအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

သစ်သားဇလီဖား၏ ခံနိုင်ရည်မှာ အနည်းဆုံးငါးနှစ်ရှိပြီး ကွန်ကရစ်ဇလီဖားတစ်တုံးသည် အနည်းဆုံး နှစ် ၆၀ ခံနိုင်ရည်ရှိသဖြင့် သစ်သားဇလီဖားတုံးများအစား ကွန်ကရစ်ဇလီဖားတုံးများကို အစားထိုး သုံးစွဲခြင်းဖြစ်သည်။ ကွန်ကရစ်ဇလီဖားတုံးသည် သစ်သားဇလီဖားတုံးထက် နှစ်သက်တမ်းအားဖြင့် ၁၂ဆ၊ ခံနိုင်ရည်အားဖြင့် ကိုးဆရှိသကဲ့သို့ သစ်သားဇလီဖားတုံးများသည် ရထားဖြတ်သန်းချိန်၌ တစ်စတုရန်းလက်မတွင် ပေါင် ၈၀၀ခံနိုင်ရည်ရှိပြီး ကွန်ကရစ်ဇလီဖားတုံးသည် တစ်စတုရန်းလက်မ၌ ပေါင် ၇၀၀၀ ခံနိုင်ရည်ရှိသည်။

ကွန်ကရစ်ဇလီဖားတုံးများ အသုံးပြုခြင်းဖြင့် တစ်ဖက်တွင် သစ်တောပြုန်းတီးမှုကို ကာကွယ်တားဆီးနိုင်ပြီး ခံနိုင်ရည်အား ပိုမိုတိုးတက်လာခဲ့သည်။ ယခုဖွင့်လှစ်ခဲ့သော ဇလီဖားတုံးစက်ရုံ(ပခုက္ကူ)သည် ကွန်ကရစ်ဇလီဖားတုံး တစ်ရက်ပျမ်းမျှ အတုံး ၆၀၀နှင့် တစ်နှစ်ပျမ်းမျှ နှစ်သိန်းခန့်ထုတ်လုပ်နိုင်ပြီး သံလမ်းထိန်းကလစ်များပါ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ကွန်ကရစ်ဇလီဖားစက်ရုံ(မြစ်ငယ်)၊ ကွန်ကရစ်ဇလီဖားစက်ရုံ(ပြွန်တန်ဆာ)၊ ကွန်ကရစ်ဇလီဖားစက်ရုံ(မုတ္တမ)တို့ကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်၍ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ရထားလမ်းများကို ပြည်ထောင်စုတစ်ဝန်း ကွန်ရက်သဖွယ် လက်ယက်ထိုး ဖောက်လုပ်ပေးနိုင်ရုံမျှသာမက ရေရှည်အသုံးပြုနိုင်ရန် အဆင့်မြှင့်ပေးလျက်ရှိရာ ဖောက်လုပ်ပြီးရထားလမ်းများ ရေရှည်အသုံးပြုနိုင်ရန် ဒေသခံတိုင်းရင်းသားပြည်သူများက တာဝန်သိသိဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၄-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အာဋ္ဌာနာဋိယသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ ဟောကြားတော်မူသော တရားတော်
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၅)
- ၈း၃၀ Sports World (Contenders England)
- ၈း၅၅ ခါသကြ်န် အဆိုအက
- ၉း၁၀ Activities in the City (နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းအာစရိယပူဇော်ပွဲ)
- ၉း၃၀ Movie Talk မြန်မာသကြ်န် ရုပ်ရှင်ကားများသမိုင်း (အပိုင်း-၁)
- ၁၀း၀၅ ဆီမီလယ်နှင့် တွေ့ဆုံခြင်း
- ၁၀း၁၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာ ကြယ်ကြွေပွင့်များ Acidic ဟိန်းဇော်သို့ ပြန်လည်တမ်းတခြင်း (အပိုင်း-၁)
- ၁၀း၅၀ ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
- ၁၁း၁၀ တိုးတက်မှုအစုံစုံ စစ်ကိုင်းမြို့ရဲ့ မြင်ကွင်းအဖုံဖုံ
- ၁၁း၃၅ လှပသော အနာဂတ်ရောင်စဉ်တန်းများဖြင့် မီးပန်းပွဲတော်
- ၁၁း၄၅ VJ Choice
- ၁၂း၁၅ စားချင်စဖွယ် ဒေသထုတ် ဇလွန်ချင်းသုပ်
- ၁၂း၂၅ ဆီမီလယ်နှင့် တွေ့ဆုံခြင်း
- ၁၂း၃၅ ခါသကြ်န် အဆိုအက
- ၁း၀၀ ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ ဟောကြားတော်မူသော တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ဒါရိုက်တာ ဝိုင်းနှင့် တွေ့ဆုံခြင်း)
- ၃း၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၅)
- ၄း၁၀ ခါသကြ်န် အဆိုအက
- ၄း၂၅ Activities in the City (နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းအာစရိယပူဇော်ပွဲ)
- ၄း၄၅ လှပသော အနာဂတ်ရောင်စဉ်တန်းများဖြင့် မီးပန်းပွဲတော်
- ၅း၀၅ World of Knowledge (Perilous Journeys Roof of Africa)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာ ကြယ်ကြွေပွင့်များ Acidic ဟိန်းဇော်သို့ ပြန်လည်တမ်းတခြင်း (အပိုင်း-၂)
- ၆း၅၅ ဖက်ရှင်လမ်းညွှန် 2010 သင်္ကြန်ဖက်ရှင် (Tony Tun Tun)
- ၇း၁၀ MRTV-4 ကျန်းမာရေးကဏ္ဍ (သင်္ကြန်တွင်း ဖြစ်ပွားတတ်သော နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာ ဆောင်ရန် ရှောင်ရန်များ)
- ၇း၂၀ FMF Selection
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ VJ Choice
- ၉း၀၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ဒါရိုက်တာ ဝိုင်းနှင့် တွေ့ဆုံခြင်း)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၅)
- ၁၀း၀၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာ ကြယ်ကြွေပွင့်များ Acidic ဟိန်းဇော်သို့ ပြန်လည်တမ်းတခြင်း (အပိုင်း-၁)
- ၁၀း၃၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာ ကြယ်ကြွေပွင့်များ Acidic ဟိန်းဇော်သို့ ပြန်လည်တမ်းတခြင်း (အပိုင်း-၂)
- ၁၁း၀၅ ဖက်ရှင်လမ်းညွှန် 2010 သင်္ကြန်ဖက်ရှင် (Tony Tun Tun)
- ၁၁း၂၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁း၃၀ ရေကြည်မြို့နယ်မှ ကျုံတာမြစ်ကျိုးအင်း
- ၁၁း၄၅ **မေတ္တာရေအမြင့် တင့်လေသည့် ရွှေကြာ** ထွန်းထွန်း (Examplez)၊ အကယ်ဒမီမြတ်ကေသီအောင်၊ စိုးပြည့်သဇင်၊ တက္ကသိုလ်ဂွမ်းပုံ၊ အေးအေးခိုင်၊ အေးသီတာ [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၂း၀၀ သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့ လုံခြုံမှုဆီသို့
- ၁၂း၁၅ မံဆောင်းတံတား
- ၁၂း၂၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကျိုက်ထိုမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၈

(၅၇)ကြိမ်မြောက် ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၂၅ရက် နံနက် ၉နာရီက ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးခန်းမ၌ ကျင်းပသည်။

ပူဇော်ကန်တော့

ရှေးဦးစွာ ကျိုက်ထိုမြို့နယ်အသင်း ဥက္ကဋ္ဌ ဒေါ်မျိုးမြင့်အေးက အမှာစကားပြောကြားပြီး သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြသည်။

ဆုများချီးမြှင့်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနမှ ချီးမြှင့်သော စာပေဗိမာန်စာမူဆုရှင် ဒေါ်နီနီနိုင်(သထုံ)အား ဒုတိယဥက္ကဋ္ဌ ဦးသန်းတင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ **(အောက်ပုံ)** ယင်းနောက် ၂၀၀၉-၂၀၁၀ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ ဆက်လက်၍ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အသင်း၌ တာဝန်ထမ်းဆောင်ခဲ့သော အမှုဆောင်ဟောင်းများ နုတ်ထွက်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် ဥက္ကဋ္ဌဦးစိုးနိုင်နှင့် အတွင်းရေးမှူး ဦးစံမြင့်တို့အား ရွေးချယ်တင်မြှောက်ကြသည်။

(မြန်မာ့အလင်း)

ရန်ကုန်မြို့ရှိ ကုန်သေတ္တာစစ်ဆေးရေးစခန်းများ

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဧပြီ ၆ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်းသို့ ရောက်ရှိကာ ပို့ကုန်၊ သွင်းကုန် ကုန်သေတ္တာများကို X-Ray Scanning Machine ဖြင့် ကုန်သေတ္တာလုံခြုံမှု စစ်ဆေးခြင်း အခြေအနေကိုလည်းကောင်း၊ ကုန်လှောင်ရုံအတွင်း ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို အခွန်စည်းကြပ်ကောက်ခံလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ အကောက်ခွန်ဦးစီးဌာန ထောက်ပံ့နှင့်ပို့ဆောင်ရေးဌာနခွဲ အကောက်ခွန်ကုန်လှောင်ရုံ၌ လုပ်ငန်းဆောင်ရွက်နေမှု၊ ဗိုလ်အောင်ကျော် ကုန်သေတ္တာစစ်ဆေးရေးစခန်းတွင် ပူးပေါင်းအဖွဲ့ဖြင့် ပို့ကုန်၊ သွင်းကုန်များကို အခွန်စည်းကြပ်ခြင်း၊ စိစစ်ကြပ်မတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ X-Ray Scanning Machine ဖြင့် ပို့ကုန်၊ သွင်းကုန် ကုန်သေတ္တာများကို လုံခြုံမှုစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရန်ကုန်မြို့ရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်အတွင်း ပြည်ပဘဏ်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှန်ကန်စွာ အသုံးချ

ဆက်လက်၍ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ လက်ထောက်အထွေထွေမန်နေဂျာနှင့် အထက်အရာထမ်းများအားတွေ့ဆုံ၍ ဝန်ထမ်းအဆင့်အတန်းအားလုံး နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်နှင့် ဌာန၏ လုပ်ငန်းတာဝန်များကို နားလည်သဘောပေါက်စေရန်အတွက် စံနမူနာပြ ဦးဆောင်ကြိုးပမ်းကြရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို မှန်ကန်စွာ အသုံးချရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြည်တွင်းဘဏ်လုပ်ငန်း၊ ပြည်ပဘဏ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

ရန်ကုန်တက္ကသိုလ် ပညာရေးဝန်ကြီးဌာနမှ ဘိုးဘွားများနေ့အထိမ်းအမှတ်အတွက် ငွေကျပ်သုံးသိန်းငါးသောင်းငါးထောင့်ငါးရာကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

စစ်တွေကောလိပ် ကျောင်းသား/သူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၈

စစ်တွေကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ၁၉၇၃-၁၉၈၇၏ အာစရိယပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဧပြီ ၃၀ရက် ညနေ ၄နာရီတွင် ကန်တော်ကြီး Western Park Lake ၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဦးရွှေမောင် ဖုန်း-၀၉-၈၅၀၀၆၃၅၊ ဒေါ်ခိုင်ခိုင်ဖိ ဖုန်း-၀၉-၅၅-၀၂၃၈၃၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁-၄၀၄၀၇၊ ဦးစိုးဝင်း ဖုန်း-၆၆၇၁၀၉၊ ဦးစံရွှေမောင် ဖုန်း-၀၉-၈၀-၂၂၇၇၂၊ ဦးဦးလှမြင့် ဖုန်း-၀၉-၅၀-၀၂၈၃၁၊ ဒေါ်လီလီဖိ ဖုန်း-၀၉-၅၀-၁၀၁၉၅၊ ဒေါ်ကျော့မြခင် ဖုန်း-၀၉-၅၀-၀၇၅၅၇၊ ဦးမောင်မောင်ကျော် ဖုန်း-၀၉-၅၁-၇၁၉၅၁၊ ဒေါ်တင်မြင့်ခိုင် ဖုန်း-၃၈၆၈၉၁၊ ဦးကြည်ဝင်း ဖုန်း-၅၅၂၃၈၀နှင့် ဦးတင်အောင်စိုး ဖုန်း-၀၉-၅၁-၆၀၀၄၂တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

❍ ရှေ့ဖုံးမှ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chu Cong Phung နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ကြိုတင်ထွက်ခွာ

အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ကြိုတင်ထွက်ခွာသွားကြပြီး ဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အယ်လ်ဂျီးရီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ချီရဖ် ချီဟီအား ခန့်အပ်ရန် အယ်လ်ဂျီးရီးယားအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ချီရဖ် ချီဟီသည် ၁၉၅၁ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် မွေးဖွားပြီး ၁၉၇၆ခုနှစ်တွင် အုပ်ချုပ်မှုဆိုင်ရာ အမျိုးသားသိပ္ပံမှ ဘွဲ့ရရှိခဲ့သည်။ ယင်းနှစ်တွင်ပင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ကာ ရာထူးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၁ခုနှစ်မှ ၁၉၈၄ခုနှစ်အထိ မိုဇမ်ဘစ်နိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားသံရုံးတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၁၉၉၃ခုနှစ်မှ ၁၉၉၅ခုနှစ်အထိ လန်ဒန်မြို့ရှိ အယ်လ်ဂျီးရီးယားသံရုံးတွင် သံမှူးကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၇ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ ယူကရိန်းနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၂၀၀၈ခုနှစ်မှစ၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယား သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ချီရဖ် ချီဟီသည် ဟန်နွိုင်းမြို့တွင် ရုံးစိုက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး ငါးဦးရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံကျင်းပမည်

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံကို မေ ၉ရက်နှင့် ၁၀ရက်တို့တွင် ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ ကျင်းပမည်ဖြစ်သည်။

သတင်းပို့

ညီလာခံတက်ရောက်ကြမည့် ရန်ကုန်မြို့မှ ညီလာခံကိုယ်စားလှယ်များသည် မေ ၇ရက် ရုံးချိန်တွင်လည်းကောင်း၊ နယ်မှ ညီလာခံကိုယ်စားလှယ်များသည် မေ ၈ရက် မွန်းတည့် ၁၂နာရီတွင်လည်းကောင်း ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် ဒုတိယထပ်ရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး၌ ဖွင့်လှစ်ထားသည့် ကိုယ်စားလှယ် စိစစ်ရေးလုပ်ငန်းကော်မတီသို့ သတင်းပို့ကြရန်ဖြစ်သည်။

နှိုးဆော်

ပဉ္စမအကြိမ်ညီလာခံ အကြိုညှိနှိုင်းအစည်းအဝေးကို မေ ၈ရက် မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် ဒုတိယထပ်ရှိ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သဖြင့် ညီလာခံကိုယ်စားလှယ်များအားလုံး မပျက်မကွက် တက်ရောက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ထန်းတပင်မြို့နယ်ရှိ မင်္ဂလာရေထိန်းတံခါး ပြုပြင်ပြီးစီးမှုနှင့် ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထန်းတပင်မြို့နယ် မင်္ဂလာရေထိန်းတံခါး ပြုပြင်တည်ဆောက်

ပဒါန်-ရေကျော်-ခတ္တိယ လမ်းဖြတ်မြောင်း၌ ရေတံခါးတပ်ဆင်မည်

နေပြည်တော် ဧပြီ ၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် လိုက်ပါလျက် ယနေ့နံနက် စနာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိ မင်္ဂလာရေထိန်းတံခါးသို့ ရောက်ရှိပြီး မင်္ဂလာရေထိန်းတံခါး ပြုပြင်ပြီးစီးမှုအခြေအနေ၊ ပန်တိုင်ရေထိန်းတံခါးမှ မင်္ဂလာရေထိန်းတံခါးသို့ ရေဝင်ရောက်မှု၊ မင်္ဂလာရေထိန်းတံခါးမှ တွံတေးမြို့နယ်ရှိ ရွှေမယင်းဒေသသို့ မြောင်းဖြစ်၊ လမ်းဖြစ် မြောင်းဖောက်လုပ်ပြီး ရေပို့လွှတ်မှုနှင့် ရေဝင်ရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား မင်္ဂလာရေထိန်းတံခါးအဝင်မြောင်းကို တိုးချဲ့ဖောက်လုပ်ရန် မှာကြားသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တွံတေးမြို့နယ် အကလကျေးရွာအုပ်စု မြောင်းတလုတ်ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းသို့ ရောက်ရှိပြီး ကျောင်းခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံ အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက ဒေသအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ပေးအပ်

ဆက်လက်၍ တိုင်းမှူးက အမှာစကားပြောကြားပြီး ကျေးရွာစာကြည့်တိုက်များ တည်ထောင်ရန်အတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူးတို့သည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

မှာကြား

ယင်းနောက် မြောင်းတလုတ်ကျေးရွာအနီး ပဒါန်-ရေကျော်-ခတ္တိယ လမ်းသို့ ရောက်ရှိကြပြီး မင်္ဂလာရေထိန်းတံခါးမှ ပဒါန်-ရေကျော်-ခတ္တိယလမ်းအထိ လမ်းဖြစ်၊ မြောင်းဖြစ် ရေပေးမြောင်း တူးဖော်ပြီးစီးမှုနှင့် ရေဝင်ရောက်မှု၊ ပဒါန်-ရေကျော်-ခတ္တိယလမ်းကိုဖြတ်၍ ရေမြောင်း တူးဖော်ပြီးစီးမှု၊ ပဒါန်-ရေကျော်-ခတ္တိယလမ်းဘေးတစ်လျှောက်၌ လမ်းဖြစ်၊ မြောင်းဖြစ် ရေပေးမြောင်း တူးဖော်ပြီးစီးမှုနှင့် ရေရရှိမှု အခြေအနေတို့ကို စစ်ဆေးကြည့်ရှုရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပဒါန်-ရေကျော်-ခတ္တိယလမ်းဖြတ်ရေပေးမြောင်း၌ ရေတံခါး တပ်ဆင်ရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် လှိုင်သာယာ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက ဓာတ်အားခွဲရုံ၌ ဗို့အားမြှင့်တင်သည့် Capacitor Bank တည်ဆောက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် မြန်မာ့မီးရထား ရန်ကုန်-ပုသိမ် မီးရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ရန်ကုန်(လှိုင်သာယာ) ဘူတာယာဒ်ဝင်းသို့ ရောက်ရှိပြီး ဘူတာယာဒ်ဝင်း တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဘူတာယာဒ်ဝင်းအနီး မြစိမ်းရောင်ချောင်း ဖောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သင်္ကြန်အထူးထုတ် TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၈

သင်္ကြန်အထူးထုတ်အဖြစ် ထုတ်ဝေသော TV Guide စာစောင် အတွဲ ၁၊ အမှတ် ၄၀ကို ဧပြီ ၉ရက် (သောကြာနေ့)တွင် ပရိသတ်များအတွက် အယ်ဒီတာအဖွဲ့၏ နှစ်သစ်ဆုမွန်ကောင်းနှင့်အတူ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ပါဝင်

ယင်း TV Guide စာစောင်တွင် MTV တွင် ကြည့်ရမည့် Lady Gaga နှင့် Beyonce' တို့၏ တယ်လီဖုန်းသီချင်း၊ Foo Fighter ၏ စတိတ်ရှိုး၊ Toonilicious ကြည့်ရမည့် Cartoon Network၊ Star World တွင် ပြသမည့် Jimmy Kinnel ၏ Live စီးရီး၊ ESPN နှင့် Star Sports ရုပ်သံလိုင်းများတွင် ကြည့်ရမည့် လီဗာပူး-ဖူလ်ဟမ်၊ မန်စီးတီး-ဘာမင်ဂမ်၊ ဟူးလ်စီးတီး-ဘန်လေ၊ တိုက်ဂါးဝုဒ် ပြန်လည်ပြိုင်ပွဲဝင်မည့် ၂၀၁၀ Master ဂေါ့ဖ်ပြိုင်ပွဲကြီး၊ Eart Day အထိမ်းအမှတ် အထူးတင်ဆက်မည့် Big Blue၊ The Crystal Ocean၊ အိန္ဒိယ စူပါစတား ရှာရွတ်ခန်အကြောင်း ကြည့်ရမည့် Discovery ရုပ်သံလိုင်း၊ လူဆိုးဂိုဏ်းများ ပေါ်ပေါက်လာသည့် အုတ်ကလန်မြို့၊ သူရဲခြောက်သည့် ၁၉၁၆ခုနှစ်က အိမ်ကြီးအကြောင်း ကြည့်ရမည့် Discovery ရုပ်သံလိုင်း၊ ထရပ်ကားပြိုင်ပွဲများကြည့်ရမည့် NGC ရုပ်သံလိုင်း၊ Travel & Living ရုပ်သံလိုင်းတွင် ကြည့်ရမည့် Greenest Homes အစီအစဉ်၊ 5 Series မှ စီးရီးအသစ်များအကြောင်း၊ 5 Movies ၌ ကြည့်ရမည့် 17 Again၊ Quantum of Solace ရုပ်ရှင်ကားများအကြောင်း၊ မန္တလေးအနီးတစ်ဝိုက်သာ နားဆင်ရမည့် သင်္ကြန်တွင်း Mandalay FM အစီအစဉ်သစ်၊ မမများအဖွဲ့၏ ကြိုတင်ပြင်ဆင်နေမှု၊ မွန်ပြည်နယ် ကိုကိုနိုင်၏ Talent Show၊ သင်္ကြန်တွင်း ကြည့်ရမည့် စကားနပန်းအစီအစဉ်များ၊ FMF Fashion အလှဓာတ်ပုံများ ပါဝင်ပြီး International ရုပ်သံလိုင်းများ၏ ဧပြီ ၃၀ရက်အထိ အစီအစဉ်များကို ဖော်ပြထားသည်။

TV Guide စာစောင်ကို Noval Light Express ဖုန်း-၃၉၁၁၈၆နှင့် ၂၄၃၈၉၃ ဖြန့်ချိရေးက ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မတ်၂၅ရက်က (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကလေးမြို့နယ် အောင်ပန်းမြို့တွင် ကလေးမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော ပြည်သာယာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို အဆိုပါမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အမှုဆောင်အရာရှိ ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)



မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၄-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၄၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၁၀ ၆။ ရိုးရာ ကျေးလက်ကစားနည်း
၈:၂၀ ၇။ ခါသင်္ကြန်အဆိုအကများ
၈:၄၀ ၈။ International News
၈:၄၅ ၉။ ကြေးမုံရိပ်သွင် တေးနယ်ဉ်
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ခါသင်္ကြန်အဆိုအကများ
၄:၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၃၅ ၄။ နှောင်းခေတ် တေးပဒေသာ
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅:၀၀ ၇။ ခါသင်္ကြန်အဆိုအကများ
၅:၁၀ ၈။ မြန်မာစာ၊ မြန်မာစကား
၅:၂၅ ၉။ ခါသင်္ကြန်အဆိုအကများ
၅:၃၅ ၁၀။ **ရိုးသားဖြူစင်ကလေးတို့အသွင်** (အပိုင်း-၂)
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ရသစုံလင် အင်တာနက်ဥယျာဉ်
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၂၆)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၇)
၁၉။ သီချင်းချစ်သူ(နေရဲမာန်)

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးစိုးအောင်နှင့်အဖွဲ့ ကလိန်ခြေ-ဆင်မြီး-ဆည်ကုန်း မြေသားလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ စစ်ဆေးစဉ်။ (၀၈၆)

လက်ဘနွန်ဝန်ကြီးချုပ်
ဆာအက်ဟာရီရီ

လက်ဘနွန်နှင့်ကာဇက်စတန် ဝန်ကြီးချုပ်နှစ်ဦးတွေ့ဆုံ နှစ်နိုင်ငံကိစ္စနှင့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ဆွေးနွေး

ဘေရွတ် ဧပြီ ၈

လက်ဘနွန်ဝန်ကြီးချုပ် ဆာအက်ဟာရီရီနှင့် ကာဇက်စတန်ဝန်ကြီးချုပ် ကာရင်မက်ဆီမော့တို့သည် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်မည့် နည်းလမ်းများကို ဧပြီ ၆ရက်က ဆွေးနွေးပြီး အပြန်အလှန်ညှိနှိုင်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးလိုက်ကြောင်း လက်ဘနွန်ဝန်ကြီးချုပ်ရုံးက ကြေညာသည်။

လက်မှတ်ရေးထိုး

နှစ်နိုင်ငံဝန်ကြီးချုပ်တို့သည် ဘေရွတ်မြို့၌တွေ့ဆုံကာ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးကြကြောင်း ဝန်ကြီးချုပ်ရုံး၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။ ၎င်းတို့တွေ့ဆုံစဉ် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား အပြန်အလှန်ညှိနှိုင်းရေးပြုလုပ်ရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးလိုက်ကြသည်။

ညှိသည်တော် ကာဇက်စတန်ဝန်ကြီးချုပ် မက်ဆီမော့က မိမိနှင့်လက်ဘနွန်ဝန်ကြီးချုပ် ဟာရီရီတို့သည် နယ်ပယ်အများအပြားတွင် နှစ်နိုင်ငံလက်တွဲဆောင်ရွက်ရန် အကျိုးရှိရှိ ဆွေးနွေးကြကြောင်း၊ ထို့ပြင် အရှေ့အလယ်ပိုင်းအခြေအနေကိုလည်း ထည့်သွင်းဆွေးနွေးကြကြောင်း တွေ့ဆုံဆွေးနွေးပွဲအပြီး၌ သတင်းထောက်များအား ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ



ပြင်သစ်နိုင်ငံ ပါရီမြို့၌ အာဒီဘာရန်ကုမ္ပဏီက တီထွင်ထားသော နာနိုစက်ရုပ်စွမ်းရည်ပြသနေသည်ကို ဧပြီ ၇ရက်က တွေ့ရစဉ်။

(အဆိုပါစက်ရုပ်သည် ဘာသာစကားသုံးမျိုးတတ်ပြီး ၎င်းကို ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ၌ ပါဝင်ပြသမည်ဖြစ်သည်။)

(ဆင်ဟွာဓာတ်ပုံ)

အမေရိကန်၏ နျူကလီးယားလက်နက်ဆိုင်ရာ ဆုံးဖြတ်ချက် ဂျပန်နိုင်ငံ ဝမ်းမြောက်စွာ လက်ခံကြိုဆို

တိုကျို ဧပြီ ၈

နျူကလီးယားလက်နက်များ အသုံးမပြုရေးနှင့် နျူလက်နက်လျှော့ချရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာအသိုင်းအဝိုင်း၏ဆန္ဒကို ဆန့်ကျင်ခြင်းမရှိဘဲ နျူကလီးယားမပြန့်ပွားရေး သဘောတူစာချုပ်ချုပ်ဆိုရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏ ကတိပြုချက်အပေါ် ဂျပန်အစိုးရက ဝမ်းမြောက်စွာကြိုဆိုပါကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကတ်ဆူရာအိုကာဒါက ဧပြီ၇ရက်၌ ထုတ်ဖော်ပြောကြားသည်။

သမ္မတအိုဘားမား၏ ဆုံးဖြတ်ချက်သည် နျူကလီးယားလက်နက်ကင်းမဲ့သောကမ္ဘာအဖြစ် ရောက်ရှိရေးအတွက် အကြီးကျယ်ဆုံးအဆင့်သို့ တက်လှမ်းလိုက်ခြင်းပင်ဖြစ်ကြောင်းနှင့် အနာဂတ်တွင် နျူကလီးယားကင်းမဲ့သောကမ္ဘာအဖြစ် အမေရိကန်အစိုးရနှင့်ဂျပန်အစိုးရတို့ အတူတကွမျှဝေခံစားရန် ဆန္ဒရှိပါကြောင်း အိုကာဒါက ထပ်လောင်းပြောကြားသည်။

ထုတ်ဖော်ပြောကြား

အမေရိကန်အစိုးရအနေဖြင့် နျူကလီးယားလက်နက်ပိုင်ဆိုင်ခြင်းမရှိသော နိုင်ငံများအား နျူကလီးယားလက်နက်ကို အသုံးပြု၍ ခြိမ်းခြောက်ခြင်း သို့မဟုတ် တိုက်ခိုက်ခြင်းတို့ကို ပြုလုပ်မည်မဟုတ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဧပြီ၆ရက်၌ တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်ကောင်စစ်ဝန်ရုံး၌ ဗုံးခွဲခံရ နိုင်ငံခြားသားသုံးဦး အပါအဝင် ခုနစ်ဦးသေဆုံး

ပက်ရှ်ဝါ ဧပြီ ၈

ပါကစ္စတန် အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့ရှိ အမေရိကန် ကောင်စစ်ဝန်ရုံးကို ပစ်မှတ်ထားသည့် ဗုံးပေါက်ကွဲမှုများ ဧပြီ ၅ရက်က ဖြစ်ပွားသဖြင့် သေဆုံးသူ ခုနစ်ဦးရှိသည့်အနက် နိုင်ငံခြားသား သုံးဦး ပါဝင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

အသေခံဗုံးခွဲတိုက်ခိုက်သူ လူတစ်စုသည် အမေရိကန်ကောင်စစ်ဝန်ရုံးကို တိုက်ခိုက်ခဲ့ကြောင်း၊ ပါကစ္စတန်လုံခြုံရေး အစောင့်တပ်ဖွဲ့ဝင်နှစ်ဦး၊ ရဲတပ်ဖွဲ့ဝင် တစ်ဦး၊ အရပ်သားတစ်ဦးနှင့် နိုင်ငံခြားသားသုံးဦး သေဆုံးသွားရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သို့ရာတွင် သေဆုံးသွားသည့် နိုင်ငံခြားသားများ၏ သက်ဆိုင်ရာနိုင်ငံကိုမူ ရဲတပ်ဖွဲ့ဝင်များက အတည်မပြုနိုင်ဘဲရှိနေသည်။

ဒဏ်ရာရရှိ

အမေရိကန်ကောင်စစ်ဝန်ရုံးအစောင့်အဖြစ် တာဝန်ထမ်းဆောင်နေသည့် အမေရိကန်လုံခြုံရေးအဖွဲ့ဝင် လေးဦးထက်မနည်း ဒဏ်ရာရရှိသွားကြောင်း မီဒီယာများက သတင်းထုတ်ပြန်သည်။

လက်ချက်

မတရားအသင်းဟု သတ်မှတ်ထားသည့် တီရစ်-အီး-တာလီဘန် ပါကစ္စတန် (တီတီပီ)ကယင်းပေါက်ကွဲမှုတွင် ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း၊ ပြောက်ကျားစစ်များ ဆက်လက်ဆင်နွှဲမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

လိုက်ဘေးရီးယား ကုန်တင်သင်္ဘော မီးလောင်မှုဖြစ်ပွား

ရှန်ဟိုင်း ဧပြီ ၈

တရုတ်နိုင်ငံအရှေ့ပိုင်း ဆိပ်ကမ်းမြို့ရှန်ဟိုင်းရှိ သင်္ဘောကျင်း၌ လိုက်ဘေးရီးယား ကုန်တင်သင်္ဘောတစ်စင်း ပြင်ဆင်နေစဉ် မီးလောင်မှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိကြောင်း ဧပြီ ၆ရက်တွင် တရုတ်သင်္ဘောလုပ်ငန်းအဖွဲ့က သတင်းထုတ်ပြန်သည်။

စုံစမ်းစစ်ဆေး

ယင်းနေ့ နံနက် ၉ နာရီမှ စတင်မီးလောင်မှုဖြစ်ပွားပြီး မွန်းတည့် ၁၂နာရီတွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မီးသတ်ဌာနက ပြောကြားသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

ဒီဇယ်ဆီတင်ကားနှင့် ထရပ်ကားတိုက်မိ

ကဘူးလ် ဧပြီ ၈

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ဧပြီ ၇ရက်တွင် ဒီဇယ်ဆီတင်ကားနှင့် ကျောက်မီးသွေးတင်ဆောင်လာသည့် ထရပ်ကားတို့တိုက်မိရာမှ မီးလောင်ပေါက်ကွဲမှုဖြစ်ပွားပြီး သုံးဦး သေဆုံးကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပြောကြား

ယင်းပေါက်ကွဲမီးလောင်မှုမှာ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် မဟုတ်ဘဲ မတော်တဆ ဖြစ်ရပ်သာဖြစ်ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြင်သစ်၌ အပေါ့စားလေယာဉ်ပျက်ကျ

ပါရီ ဧပြီ ၈

*ပြင်သစ်နိုင်ငံ ကယ်ရာမွန့်တဲဖယ်ရန်မြို့မှအတက် အပေါ့စားလေယာဉ်တစ်စင်း ဒိုမီတောင်ကြားဒေသ၌ ဧပြီ ၆ရက် မွန်းလွဲပိုင်းက ပျက်ကျမှုဖြစ်ပွားရာ**(အောက်ပုံ)** လေယာဉ်ပေါ် လိုက်ပါလာသူနှစ်ဦး သေဆုံးကြောင်း ဒေသခံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။*

သေဆုံးသူများမှာ ပြင်သစ်နိုင်ငံသားများဖြစ်ပြီး ယင်း ဖြစ်ပွားမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ စီကျန်းပြည်နယ် ဟန်ကျိုးမြို့ရှိ အနုပညာပြတိုက်၌ ၂၀ရာစုမှ ၂၁ရာစုအထိ ဂျပန်ခေတ်ပန်းချီပြပွဲတွင် လာရောက်လေ့လာသူများဖြင့် စည်ကားနေသည်ကို ဧပြီ ၈ ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တိုက်ခိုက်ခံရသော အီရန်ရေနံတင်သင်္ဘော အေဒင်ပင်လယ်ကွေ့၌ ကယ်တင်နိုင်ခဲ့

တီဟီရန် ဧပြီ ၈

အေဒင်ပင်လယ်ကွေ့တွင် ဆိုမာလီပင်လယ်ဓားပြများ၏ တိုက်ခိုက်မှုခံရသော အီရန်ရေနံတင်သင်္ဘောတစ်စင်းကို အီရန်ရေတပ်က ကယ်တင်လိုက်ကြောင်း အင်တာနက်သတင်းတွင် ဧပြီ ၆ရက်က ဖော်ပြသည်။

တိုက်ခိုက်

အီရန်ရေနံတင်သင်္ဘောသည် အီရန်ဘူရှီယာဆိပ်ကမ်းမြို့မှ တူရကီနိုင်ငံ အစ်ဇမာမြို့သို့ မောင်းနှင်လာစဉ် ပင်လယ်ဓားပြများက ရေယာဉ်လေးစင်းဖြင့် တိုက်ခိုက်ခြင်းဖြစ်ကြောင်း အီရန်မီဟာသတင်းဌာနက ပြောကြားသည်။

ဆက်လက်ထွက်ခွာ

အီရန်ရေတပ်သင်္ဘောများက အဆိုပါ ဓားပြရေယာဉ်များနောက်သို့လိုက်စဉ် ဓားပြများ ထွက်ပြေးကြသည်ဟု သတင်းဌာနက ဆက်လက်ဖော်ပြသည်။ ယင်းဖြစ်ရပ်အပြီး အီရန် ရေနံတင်သင်္ဘောသည် အစ်ဇမာမြို့သို့ ဆက်လက်ထွက်ခွာသွားသည်ဆို၏။

(အင်တာနက်)

အာဖဂန်၌ အင်အားပြင်းဗုံးပေါက်ကွဲ

ကဘူးလ် ဧပြီ ၈

အာဖဂန်နစ္စတန်နိုင်ငံ နန်ဂါဟာ ပြည်နယ်အရှေ့ပိုင်း ဂျလာလာဘတ်မြို့၌ ဧပြီ ၇ရက် နံနက်ပိုင်းက ပြင်းထန်စွာ ဗုံးပေါက်ကွဲသဖြင့် အရပ်သား ၁၀ ဦး ဒဏ်ရာရရှိသွားကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပျက်စီး

အဆိုပါဗုံးပေါက်ကွဲမှုသည် နေတိုးဦးဆောင်သော တပ်ဖွဲ့ယာဉ်တန်း ဖြတ်သန်းသွားချိန်၌ ဖြစ်ပွားခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်အတွင်း တပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် စစ်ကားတစ်စီး အနည်းငယ်ပျက်စီးသွားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

စုံစမ်း

ယင်းဖြစ်ပွားမှုသည် လမ်းဘေးဗုံးဖြစ်ဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရန်နှင့်ကူဝိတ် ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရန် နှစ်နိုင်ငံ သဘောတူညီမှုရရှိ

တီဟီရန် ဧပြီ ၈

ပါရှန်ပင်လယ်ကွေ့ရှိ ကူဝိတ်နိုင်ငံသို့ အီရန်မှဓာတ်ငွေ့ပို့ဆောင်ရန်အတွက် ကီလိုမီတာ ၅၇၀အရှည် ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရန်ကိစ္စကို အီရန်နှင့် ကူဝိတ်တို့ ညှိနှိုင်းကြကြောင်း ဧပြီ ၆ရက်တွင် ဆင်ဟွာသတင်း၌ ဖော်ပြသည်။

နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးရာတွင် အပြုသဘောရလဒ်များ ဖြစ်ထွန်းခဲ့ကြောင်း၊ သို့ရာတွင် အီရန်ကတင်ပို့သည့် ဓာတ်ငွေ့ဈေးနှုန်းနှင့် ပတ်သက်၍ သဘောတူညီမှု မရသေးကြောင်း အီရန်အမျိုးသားဓာတ်ငွေ့ ပြည်ပပို့ရေးကုမ္ပဏီအကြီးအကဲ ကာဆေဇာဒါက ပြောကြားသည်။

သဘောတူညီ

ညှိနှိုင်းဆွေးနွေးမှုများ ထပ်မံပြုလုပ်ပြီးနောက် အီရန်က အောက်ပါ သဘာဝဓာတ်ငွေ့တွင်းမှ စတုရန်းမီတာ ၈ဒသမ ၅သန်းကို ကူဝိတ်သို့ တင်ပို့မည်ဟု သဘောတူညီထားကြောင်း ၎င်းကပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အနောက်ဗာဂျီးနီးယား မိုင်းပေါက်ကွဲမှု သေဆုံးသူ ၂၅ ဦးအထိရှိလာ

မွန့်ကိုးလ် ဧပြီ ၈

မာဆေစွမ်းအင်ကုမ္ပဏီပိုင် အနောက်ဗာဂျီးနီးယားသတ္တုတွင်းတစ်တွင်း၌ ပေါက်ကွဲမှုဖြစ်ပွားရာမှ သေဆုံးမှုများရှိခဲ့ကြောင်း၊ အလွန်နက်ရှိုင်းသော မြေအောက်တွင်ပိတ်မိနေဆဲဖြစ်သည့် သတ္တုတွင်းတူးသမား လေးဦးရှိကြောင်း၊ သေဆုံးသူဦးရေ ၂၅ဦး ရှိသွားပြီဖြစ်သည်။

တွေ့ရှိ

သတ္တုတွင်းပေါက်ကွဲမှုဖြစ်ပွားပြီး နာရီအတန်ကြာအထိ ကယ်ဆယ်ရေးသမားများက မြေအောက်ရှိအလောင်းများကို ရှာဖွေတွေ့ရှိနေရဆဲဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ဖိလစ်ပိုင်တောင်ပိုင်း၌ အစာအဆိပ်သင့်၍ လူ ၇၀ သေဆုံး

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကိုတာဘာတိုမြို့၌ အစာအဆိပ်သင့်မှုကြောင့် လူပေါင်း ၇၀ခန့် ဆေးရုံသို့ ပို့ဆောင်ပြီးနောက် သေဆုံးခဲ့ရကြောင်း ဧပြီ ၈ရက်၌ ပြည်နယ်မီဒီယာများက သတင်းထုတ်ပြန်သည်။

ကာဇက်စတန်မှ အမေရိကန်စစ်အခြေစိုက်စခန်းပိတ်သိမ်း

ကာဇက်စတန်နိုင်ငံ ကာဇက်မြို့မြောက်ဘက်တွင်ရှိသော အမေရိကန်စစ်အခြေစိုက်စခန်းကို ဧပြီ ၈ရက် နံနက် ၈နာရီမှစတင်ကာ ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း၊ စစ်ဘက်ဆိုင်ရာ လေယာဉ်အတက်အဆင်းများလည်း ပြုလုပ်တော့မည်မဟုတ်ကြောင်း ကာဇက်စတန်အရာရှိများက ပြောကြားသည်။

ပါကစ္စတန်၌ နေတိုးရေနံတင်ကားပေါက်ကွဲမှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံအရှေ့မြောက်ပိုင်း ခိုင်ဘာဒေသတွင် ဧပြီ ၈ရက်က နေတိုးရေနံတင်ကားတစ်စီးကို လက်နက်ကိုင် တိုက်ခိုက်ရေးသမားများက ဗုံးခွဲတိုက်ခိုက်ရာ ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ပါကစ္စတန်အရာရှိများက သတင်းထုတ်ပြန်သည်။

ဘရာဇီးဆော်ပေါလို၌ ရေလွှမ်းမိုးမှု ဆက်လက်ဖြစ်ပွား

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့တွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေမှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပွားလျက်ရှိရာ ဧပြီ ၈ရက်အထိ သေဆုံးသူဦးရေမှာ ၁၄၅ ဦးရှိကြောင်း ဘရာဇီးအရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာဈေးနှုန်းတန့်နေ

ကမ္ဘာ့ဈေးကွက်တွင် အမေရိကန်ဒေါ်လာဈေးနှုန်းများ အတက်အကျမရှိဘဲ တန့်နေလျက်ရှိရာ ဧပြီ ၈ရက်က ဂျပန်ငွေကြေးဈေးကွက်တွင် ဂျပန်ယန်း ၉၀လျှင် အမေရိကန်တစ်ဒေါ်လာဖြစ်ကြောင်း ဂျပန်ငွေကြေးအရာရှိများက ပြောကြားသည်။

ရုရှားဒုံးကျည်များ အီရန်အားရောင်းချမည်

ရုရှားနိုင်ငံသည် အီရန်နိုင်ငံအတွက် လေကြောင်းရန် ကာကွယ်နိုင်ရန် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်အက်စ်-၃၀၀ အမျိုးအစားများအား ရောင်းချမည်ဖြစ်ကြောင်း ရုရှားအရာရှိများက ဧပြီ ၈ရက်၌ ပြောကြားသည်။

တောင်ကိုရီးယားရေနံတင်သင်္ဘောအပိုင်စီးခံရ

ဆိုမာလီနိုင်ငံ ကမ်းလွန်တွင် ဧပြီ ၈ ရက် နံနက်က တောင်ကိုရီးယားရေနံတင်သင်္ဘောတစ်စင်းကို ဆိုမာလီဓားပြများက အပိုင်စီးသွားခဲ့ကြောင်း၊ သင်္ဘောပေါ်၌ ရေနံစိမ်း တန်ချိန် ၃၀၀၀၀၀ တင်ဆောင်ထားကြောင်း တောင်ကိုရီးယားအရာရှိများက သတင်းထုတ်ပြန်သည်။

မက္ကဆီကို ဆာလီစကိုမြို့၌ ပစ်ခတ်မှုဖြစ်ပွား

မက္ကဆီကိုနိုင်ငံ ဆာလီစကိုမြို့တွင် ဧပြီ ၈ရက်က သေနတ်သမားများပစ်ခတ်မှုကြောင့် ၁၂ဦးသေဆုံးခဲ့ကြောင်း၊ သေနတ်ပစ်ခတ်မှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့ကစုံစမ်းစစ်ဆေးလျက်ရှိကြောင်း မက္ကဆီကိုအရာရှိများက ပြောကြားသည်။

တူရကီကုန်တင်သင်္ဘောအပိုင်စီးခံရ

အိန္ဒိယသမုဒ္ဒရာရေပြင်တွင် ခုတ်မောင်းနေသော တူရကီကုန်တင်သင်္ဘောတစ်စင်းကို ဧပြီ ၈ရက်၌ ဆိုမာလီဓားပြများက အပိုင်စီးသွားခဲ့ကြောင်း၊ သင်္ဘောပေါ်၌ သင်္ဘောသား ၂၅ဦးပါရှိကြောင်း တူရကီအရာရှိများက ပြောကြားသည်။ ***(အောက်ပုံ)***

(အင်တာနက်)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် ပန်းဘဲတန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့ ပူးပေါင်း၍ မတ်၃၀ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်(၇)ရပ်ကွက်နှင့် အမှတ်(၁၀)ရပ်ကွက်ရှိ တီဘီရောဂါဝေဒနာရှင်များ၏နေအိမ်များသို့ သွားရောက်၍ ကျန်းမာရေးအသိပညာပေးခြင်း၊ တီဘီဆေးတိုက်ကျွေးခြင်းများပြုလုပ်ပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေဝင်းနှင့် အဖွဲ့ဝင်များက အာဟာရအစားအစာများ ထောက်ပံ့ပေးအပ်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်များလှူဒါန်းပွဲ လှိုင်လင်၌ကျင်းပ

လှိုင်လင် ဧပြီ ၈

လှိုင်လင်မြို့နယ် ပန်ပိုးကျေးရွာအုပ်စု နောင်ဟူးရွာ၌ နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်ပြီးစီးသည့် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို မတ် ၃၀ရက် နံနက် ၉ နာရီက စာကြည့်တိုက်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ခိုင်စိုးက အမှာစကားပြောကြားပြီး ပြည်နယ်ဒုတိယညွှန်ကြားရေးမှူးဒေါ်မေမေနီက စံ(၅)ချက်နှင့်ညီသည့် စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လှူဒါန်းပွဲကျင်းပရာ DTH စလောင်းကို ဒုတိယညွှန်ကြားရေးမှူးက လည်းကောင်း၊ ၂၁လက်မ ရုပ်မြင်သံကြားတစ်လုံးကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်က လည်းကောင်း၊ စာအုပ်စာစောင်များကို ခရိုင်ဦးစီးအရာရှိ ဦးအောင်ဝင်းကလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူကြသည်။ ဆက်လက်၍ နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်ပြီးစီးသည့် စာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်ဥက္ကဋ္ဌ၊ ပြည်နယ်ဒုတိယညွှန်ကြားရေးမှူးနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဦးစံသြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွင်း ဒေသခံတိုင်းရင်းသားများ၏ စာဖတ်ဝိုင်းများကို ကြည့်ရှုအားပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရပ်ကွက်၊ ကျေးရွာအဖွဲ့ဝင် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်

စဥ့်ကူး ဧပြီ ၈

စဥ့်ကူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ရပ်ကွက်၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဖွင့်ပွဲကို မတ် ၁၅ရက် နံနက် ၉နာရီက မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လှက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဒုတိယဦးစီးမှူး ဦးသက်နိုင်စိုးက သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဆေးရိုးတန်းလမ်း ထပ်ပိုးကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နံရံကပ်စာစောင်ပြပွဲ လှိုင်သာယာ၌ကျင်းပ

ရန်ကုန် ဧပြီ ၈

(၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဓာတ်ပုံ၊နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကို မတ် ၂၁ရက်က လှိုင်သာယာမြို့နယ် ကစင်ကျေးရွာ ကောင်းကင်ကြယ်စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစန်းအေးက စာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မာရှင်သန်ရေး၊ စံ(၅)ချက်နှင့်ညီညွတ်ရေးနှင့် စာငှားကတ်စနစ်အသုံးပြုရေးတို့ကို ဆွေးနွေးပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်က ကောင်းကင်ကြယ်စာကြည့်တိုက်အတွက် ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ သုတ၊ရသစာအုပ်များ လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးခင်ဇော်က လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

တမူးမြို့၌ အရန်သားဖွားသင်တန်းဆင်း

တမူး ဧပြီ ၈

စစ်ကိုင်းတိုင်း တမူးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားသင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၃၁ရက်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တမူးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီလာအေးက အမှာစကား ပြောကြားပြီး ခရိုင်ဆရာဝန်ကြီး ဒေါက်တာပေါ်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး ခရိုင်ဆရာဝန်ကြီးက သင်တန်းသူတစ်ဦးချင်းအား ဆေးသေတ္တာများပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

ရပ်ရွာပညာပဒေသာ အဆောက်အအုံသစ် တိုက်ကြီး၌ဖွင့်

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ရပ်ရွာပညာပဒေသာဌာန အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ၄ရက် နံနက်၉နာရီက တိုက်ကြီးမြို့နယ် ကျိုက်စကိုင်းကျေးရွာ၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲ့ခင်မာဝင်းနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အဝတ်အထည်များနှင့် မြတ်ရတနာစာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်မျိုးစုံတို့ကို လှူဒါန်းကြသည်။ဆက်လက်၍ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့က တိုက်ကြီးမြို့နယ်ရှိ ချို့တဲ့နွမ်းပါး၍ မွေးရာပါနှလုံးအပြင်ရောက်နေသည့် ကလေးငယ်တစ်ဦးအား အသုံးအဆောင်ပစ္စည်းများနှင့် ငွေကြေးများထောက်ပံ့ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီးတွင် အဖွဲ့ဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်နေမှုကို မတ်၃ရက်က ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

9-4 (05).pmd 1 4/9/2010, 1:16 AM

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

ကျွန်တော့်နာမည် မော်ရင်ဟို....

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ ဇင်မင်းသန့်(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

မီလန် ဧပြီ ၈

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များ ပြီးဆုံးခဲ့ပြီဖြစ်သည်။ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲသို့ အင်တာမီလန်၊ ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်နှင့် လိုင်ယွန်အသင်းတို့ တက်ရောက်နိုင်ခဲ့ကြသည်။ အကြိုဗိုလ်လုပွဲ၌ ဘာစီလိုနာနှင့် အင်တာမီလန်၊ ဘိုင်ယန်မြူးနစ်နှင့် လိုင်ယွန်တို့ ဆုံတွေ့ကြမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ဘာစီလိုနာနှင့် ရင်ဆိုင်ဆုံတွေ့ရမည့် အင်တာမီလန်အသင်း၏ နည်းပြမော်ရင်ဟိုအား သတင်းထောက်များ တွေ့ဆုံ မေးမြန်းမှုများကို ဖော်ပြရပါလျှင်-

မေး ။ ။ လက်ရှိချန်ပီယံ ဘာစီလိုနာနဲ့ ဆုံတွေ့ရမှာဆိုတော့ စိတ်ပူပန်မှု ရှိနေမလား။

ဖြေ ။ ။ ကျွန်တော့်ကို စိုးရိမ်စိတ်၊ ပူပင်စိတ်ဖြစ်စေမယ့်ပြိုင်ဘက်အသင်းမရှိဘူးလို့ ယုံကြည်ထားပါတယ်။

မေး ။ ။ ဘာစီလိုနာနဲ့ အင်တာမီလန် ကွာခြားချက်တွေကို ပြောပါဦး။

ဖြေ ။ ။ ရှိတာပေါ့။ ဘောလုံးသမား တစ်ဦးချင်းရဲ့ စွမ်းရည်၊ အသင်းလိုက် ကစားအား၊ ပြီးတော့ နည်းဗျူဟာပိုင်းအပြင် နည်းပြတွေရဲ့ အရည်အချင်းပါ ကွာခြားနေတာပေါ့။

မေး ။ ။ ဒီပွဲမှာ အနိုင်ရဖို့အတွက်ဆိုရင် အဓိကအချက်က ဘယ်အချက်ဖြစ်မယ်လို့ ယူဆပါသလဲ။

ဖြေ ။ ။ စိတ်ဓာတ်၊ ယုံကြည်မှုနဲ့ စွမ်းရည်တွေပါပဲ။ အင်တာမီလန် ဘောလုံးသမားတွေက အဲဒီအချက်တွေနဲ့ ပြည့်စုံနေပါတယ်။ ပြိုင်ဘက်တွေအပေါ် လွှမ်းမိုးနိုင်တဲ့ စွမ်းရည်တွေ တစ်ဦးချင်းစီမှာ ရှိနေကြတာပါ။

မေး ။ ။ ဘာစီလိုနာ နည်းပြဂွာဒီယိုလာအပေါ် ဘယ်လိုမြင်ပါသလဲ။

ဖြေ ။ ။ အရည်အချင်းရှိတဲ့ နည်းပြတစ်ဦးပါ။ ဒါပေမယ့် အတွေ့အကြုံဆိုတာ နည်းပြတစ်ဦးမှာ အလိုအပ်ဆုံး အချက်တစ်ချက်အဖြစ် ရှိထားရမယ်ဆိုတာတော့ ကျွန်တော် ယုံကြည်ထားပါတယ်။

မေး ။ ။ အင်တာမီလန်ရဲ့ ပြိုင်ပွဲရလဒ်တွေက အားရစရာမကောင်းဘူးဆိုတဲ့ ဝေဖန်မှုတွေအပေါ် ဘယ်လိုတုံ့ပြန်လိုပါသလဲ။

ဖြေ ။ ။ ဘယ်အရာမဆို အဆုံးသတ်သေချာဖို့ အဓိကပါပဲ။ အင်တာမီလန်ဟာ အချို့ပွဲရလဒ်တွေမကောင်းခဲ့တာရှိပေမယ့် လက်ရှိအချိန်မှာ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲရောက်နေပါပြီ။ အဲဒီလိုပဲစီးရီးအေမှာလည်း တန်းစီဇယားထိပ်ဆုံးမှာ ဦးဆောင်နေတာပါ။

မေး ။ ။ ဘာစီလိုနာထက် အင်တာမီလန်မှာ အားသာချက် ဘာတွေပိုရှိနိုင်မလဲ။

ဖြေ ။ ။ စိတ်ဓာတ်ပေါ့။ ကြံ့ခိုင်မှုနဲ့ ခြေစွမ်းအပြင် အနိုင်ယူမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကလွဲပြီး တခြားဘာမှ အတွေးမဝင်တဲ့ စိတ်ဓာတ်ပိုင်ရှင် ကစားသမားတွေပေါ့။

မေး ။ ။ အင်တာမီလန်ကို ဘယ်လောက်အထိ အောင်မြင်အောင်လုပ်ပြပေးမယ်လို့ မျှော်မှန်းထားလဲ။

ဖြေ ။ ။ ဒီနှစ် ဘောလုံးရာသီကုန်ချိန်မှာ အင်တာမီလန်ဟာ ချန်ပီယံလိဂ်ဖလားနဲ့ စီးရီးအေဖလားပိုင်ရှင်အဖြစ် မြင်တွေ့ကြရအောင် စွမ်းဆောင်ပေးမယ်လို့ ဆုံးဖြတ်ထားပါတယ်။

မေး ။ ။ တကယ်လို့ မျှော်မှန်းသလို ဖြစ်မလာခဲ့ရင်....။

ဖြေ ။ ။ **"ကျွန်တော့်နာမည် မော်ရင်ဟိုပါ"** ဟု အင်တာမီလန်နည်းပြ မော်ရင်ဟိုက ဖြေကြားသွားသည်။

မော်ရင်ဟိုသည် နည်းပြအဖြစ် ပေါ်တိုအသင်းအား ချန်ပီယံလိဂ်ဖလား ရယူပေးနိုင်ခဲ့သူဖြစ်သည်။ ထို့အတူ ချယ်လ်ဆီးအသင်းကို ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲအထိ ပို့ဆောင်ပေးနိုင်ခဲ့ပြီး လက်ရှိ အင်တာမီလန်အသင်းကို ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲသို့ ပို့ဆောင်ပေးထားနိုင်သူဖြစ်သည်။ ။ **(အင်တာနက်)**

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဘိုင်ယန်နှင့်လိုင်ယွန် ဆုံတွေ့ကြ မန်ယူအသင်း သုံးဂိုးပြတ် ဦးဆောင်ကစားနိုင်ခဲ့ပါသော်လည်း....

လန်ဒန် ဧပြီ ၈

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို ဧပြီ ၈ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အိမ်ရှင်မန်ယူတို့ တာထွက်ကောင်းခဲ့သော်လည်း ရာဖေးလ် ထုတ်ပယ်ခံရမှုကြောင့် ပွဲရလဒ်ပြောင်းကာ မန်ယူက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသော်လည်း အဝေးဂိုးရလဒ်အရ ဧည့်သည်ဘိုင်ယန်တို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ ဘော်ဒိုးနှင့် လိုင်ယွန်တို့ပွဲတွင် အိမ်ရှင်ဘော်ဒိုးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း ဧည့်သည်လိုင်ယွန်တို့ နှစ်ပွဲပေါင်း ရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အကြိုဗိုလ်လုပွဲ တက်ရောက်ခွင့်ရခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် ဘိုင်ယန်မြူးနစ်နှင့် လိုင်ယွန်တို့ ဆုံတွေ့ကြပြီဖြစ်သည်။

လိုင်ယွန်အသင်းသားများ ပွဲအပြီး အောင်ပွဲခံနေစဉ်။

မန်ယူနှင့် ဘိုင်ယန်

အိမ်ရှင်မန်ယူတို့ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရရေးအတွက် ဗီဒစ်၊ ဖာဒီနန်၊ အီဗရာ၊ ရာဖေးလ်၊ ကာရစ်၊ ဖလက်ချာ၊ နာနီ၊ ရွန်နေ၊ ဗလင်စီယာတို့ဖြင့် လူစုံနီးပါးပွဲထွက်ပြီး ခြေကုန်ထုတ်ကစားခဲ့ကြသည်။ ဧည့်သည် ဘိုင်ယန်သည်လည်း ဖိလစ်လန်း၊ ရှဝိန်းစတိုက်ဂါ၊ ဘွန်းမဲလ်၊ ရစ်ဘာရီ၊ ရော်ဘင်၊ အိုလစ်၊ မူလာတို့ဖြင့် လူစုံထုတ်ခဲ့သည်။

ပွဲစလျှင်စချင်း မန်ယူတို့ အချိတ်အဆက်မိမိဖြင့် ဘိုင်ယန်ဘက်သို့ ထိုးဖောက်ကစားခဲ့ရာ သုံးမိနစ်တွင် ရွန်နေဖန်တီးပေးသောဘောလုံးမှတစ်ဆင့် ဂစ်ဘ်ဆင်က သွင်းယူခဲ့ရာ ဘိုင်ယန်ဂိုးသမားဘယ်ဘက်ဂိုးတိုင်အနီးမှကပ်၍ ဂိုးဝင်သွားခဲ့သဖြင့် မန်ယူတို့ စောစီးစွာ ဦးဆောင်ဂိုးရရှိခဲ့သည်။

အဖွင့်ဂိုးရရှိပြီးနောက် ကစားကွက်အသာစီးရလာသော မန်ယူအသင်းကို ဘိုင်ယန်တို့ ထိန်းချုပ်ရန် ကြိုးစားသော်လည်း မန်ယူတိုက်စစ်ကို ဘိုင်ယန်နောက်တန်းခံစစ်မှူးများ မထိန်းချုပ်နိုင်ခဲ့ကြချေ။ ပွဲချိန် ခုနစ်မိနစ်တွင် ညာတောင်ပံမှ ဗလင်စီယာက ဘိုင်ယန်ဂိုးရှေ့သို့ အနေတော်ဖြတ်တင်ပေးသော ဘောလုံးကို နာနီက အနီးကပ် နောက်ပေါက်ဘောဖြင့် လှပစွာ ဂိုးသွင်းယူခဲ့သဖြင့် မန်ယူတို့ ဒုတိယဂိုးရရှိခဲ့သည်။

ဖျက်ထုတ်ကာကွယ်

ဧည့်သည်ဘိုင်ယန်တို့ ဒုတိယဂိုး ပေးလိုက်ရပြီးနောက် ချေပဂိုးသွင်းရန် ကြိုးစားခဲ့ကြရာ ဇမိနစ်တွင် ရော်ဘင်၏ မန်ယူဘက်သို့ ဂိုးသွင်းရန်ကြိုးပမ်းမှုကို ဖာဒီနန်ခေါင်းတိုက်၍ ဖျက်ထုတ်ကာကွယ်ခဲ့ရသည်။ ပွဲချိန် ၁၈မိနစ်တွင် ရာဖေးလ်သည် လဲကျနေစဉ် ဘိုင်ယန်ကစားသမား ဘွန်းမဲလ်အားခြေချိတ်မိသဖြင့် အဝါကတ်ပြသတိပေးခံရသည်။ ပွဲချိန် ၂၁မိနစ်တွင် ရွန်နေသည် ဘောလုံးယှဉ်လုရင်း ၎င်း၏ ခြေချင်းဝတ်ဒဏ်ရာဟောင်းကို ထိခိုက်မိသဖြင့် ကစားအား ကျလာသော်လည်း ထိန်းကစားသွားခဲ့သည်။

ပွဲချိန် ၂၈မိနစ်တွင် ဖလက်ချာအား တွန်းထိုးကစားသဖြင့် ဘိုင်ယန်မှ ဘွန်းမဲလ် အဝါကတ်ပြ သတိပေးခံရသည်။ ဘိုင်ယန်တို့ ချေပဂိုးရရှိရေး ကြိုးပမ်းသော်လည်း မန်ယူခံစစ်မှူးများ၏ ကြံ့ကြံ့ခံကာကွယ်မှုကြောင့် ဂိုးအဖြစ် မဖန်တီးနိုင်ခဲ့ချေ။

မန်ယူတို့ကစားကွက်ကို စီးမိုးကစားနိုင်ခဲ့ပြီး ပွဲချိန် ၄၁မိနစ်တွင် ညာတောင်ပံမှ ဗလင်စီယာ ဘိုင်ယန်မြူးနစ်ဂိုးရှေ့သို့ အနေတော်ခုတ်တင်ပေးလိုက်သောဘောလုံးကို နာနီက အပိုင်ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ တတိယဂိုးရရှိခဲ့သည်။

မန်ယူတို့ တတိယ ဦးဆောင်ဂိုးသွင်းယူပြီး ၂မိနစ်အကြာ ၄၃မိနစ်တွင် မန်ယူနောက်တန်းကို ဖြတ်ကျော်၍ ဘိုင်ယန်တိုက်စစ်မှူးအိုလစ်က ချေပဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းပွဲပြီးချိန်တွင် မန်ယူတို့ သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။ ဒုတိယပိုင်း ပွဲပြန်စပြီး ပွဲချိန် မိနစ် ၅၀တွင် ရာဖေးလ်နှင့် ရစ်ဘာရီဘောလုံးယှဉ်လုစဉ် ရာဖေးလ်ကဆွဲသဖြင့် ၎င်းအား နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခဲ့သည်။ ပွဲချိန် ၅၅မိနစ်တွင် ရွန်နေအစား အိုရှေးကို လူစားလဲကစားစေခဲ့သည်။ တစ်ဖက်နှင့်တစ်ဖက် သူတင်ကိုယ်တင် ကစားနေချိန်တွင် ကစားသမားတစ်ယောက်လျော့သွားသော မန်ယူတို့ ခံစစ်ဖြင့်သာ ကစားနေခဲ့ရသည်။

ပွဲချိန် ၇၄မိနစ်တွင် ရော်ဘင်က မန်ယူဘက်သို့ ဒုတိယချေပဂိုးသွင်းယူပြီးနောက် မိနစ် ၈၀တွင် မိုက်ကယ်ကာရစ်အစား ဘာဘာတော့ဗ်၊ ၈၅မိနစ်တွင် ဂစ်ဘ်ဆင်အစား ဂစ်တို့ကို လူလဲကစားစေခဲ့သော်လည်း ပွဲရလဒ်ကို မန်ယူတို့ မပြောင်းလဲနိုင်ခဲ့တော့သဖြင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-လေးဂိုးဖြင့် အဝေးဂိုးစည်းမျဉ်းအရ ဘိုင်ယန်တို့ အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့သည်။

ဘော်ဒိုးနှင့် လိုင်ယွန်

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့အဖြစ် ဘော်ဒိုးတို့ အိမ်ကွင်း၌ လိုင်ယွန်အသင်းကို ဧည့်ခံကစားခဲ့သည်။ နှစ်သင်းစလုံး အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ရေးအတွက် လူစုံတက်စုံဖြင့် ခြေကုန်ထုတ်ကစားခဲ့ကြသည်။ အိမ်ရှင်ဘော်ဒိုးတို့ ပွဲချိန် ၄၅မိနစ်တွင် ချာမက်သွင်းယူသောဂိုးကြောင့် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် လိုင်ယွန်တို့ အနိုင်ရရှိကာ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။ ။ **(အင်တာနက်)**



မန်ယူအတွက် တတိယဂိုး ဘိုင်ယန်ဘက်သို့ နာနီ ဤသို့ သွင်းယူနိုင်ခဲ့ပါသော်လည်း....။

ထင်ကျော်ထက် စုစည်းသည်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

နည်းပြမန်စီနီ မန်စီးတီးကို ဆက်လက်နည်းပြမည်

မန်စီးတီးနည်းပြရာထူးကို မန်စီနီသည် ယခုနှစ်နွေရာသီတွင် ဂျူဗင်းတပ်စ်အသင်းတွင် နည်းပြတာဝန်ယူရန် ဆက်သွယ်နေသည်ဟူသော ထင်ကြေးသတင်းများကို ငြင်းဆိုခဲ့ပြီး ၎င်းအနေဖြင့် လာမည့်ဘောလုံးရာသီတွင် မန်စီးတီးအသင်းကို ဆက်လက်ကိုင်တွယ်ရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း ပြောကြားသည်။

မန်ယူမှ ထွက်ခွာမည်မဟုတ်ဟု ဗီဒစ်ပြောကြား

ယခုနွေရာသီတွင် မန်ယူမှထွက်ခွာမည်ဟူသော ထင်ကြေးသတင်းများကို မန်ယူခံစစ်မှူး ဗီဒစ်ကထပ်မံငြင်းဆိုခဲ့ကြောင်း၊ ဆားဗီးယားလက်ရွေးစင်အသင်း ကစားသမားဗီဒစ်အနေဖြင့် မန်ယူမှထွက်ခွာမည်ဟု ယခုဘောလုံးရာသီတစ်ခုလုံးနီးပါး ထင်ကြေးပေးခံခဲ့ရကြောင်း၊ ဗဟိုခံစစ်မှူးဖြစ်သူ၎င်းအား အေစီမီလန်နှင့်ရီးရဲလ်တို့က ခေါ်ယူရန်စိတ်ဝင်စားနေကြသည်။

ဂျူဗင်းတပ်စ်ပစ်မှတ်နည်းပြ ဘင်နီတက်ဇ်ထိပ်ဆုံး၌ ရှိနေဆဲ

လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်သည် စီးရီးအေအသင်း ဂျူဗင်းတပ်စ်က နည်းပြတာဝန်ပေးမည့် နံပါတ်တစ်နည်းပြအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး ၎င်းအား ဂျူဗင်းတပ်စ်က ယခုဧပြီလကုန်တွင် စေ့စပ်ညှိနှိုင်းစာချုပ်ချုပ်ဆိုမှု အပြီးသတ် ဆောင်ရွက်လိုသည်ဟု ဆိုသည်။

ပူစီနစ်အားခေါ်ယူရန် မန်ယူနှင့်မန်စီးတီး အပြိုင်ကြိုးပမ်း

စီးရီးအေအသင်းရိုးမားမှ ပေါင် ၂၄သန်းတန် တိုက်စစ်မှူး မီရ်ကိုဗူစီနစ်ကို စာချုပ်ခေါ်ယူရန် မန်ယူနှင့် မန်စီးတီးအပြိုင်ကြိုးပမ်းနေကြသည်။

ကူရန်ညီအားခေါ်ယူရန် အသင်းသုံးသင်း အပြိုင်လုံးပန်း

ဂျာမန်ဘွန်ဒက်စ်လီဂါအသင်း ရော်လ်ကေးမှ တိုက်စစ်မှူးကီဗင်ကူရန်ညီကို စာချုပ်ခေါ်ယူရန် ဘာမင်ဂမ်၊ ဆန်းဒါးလန်းနှင့် ဂျူဗင်းတပ်စ်တို့ အပြိုင်လုံးပန်းနေကြသည်။

ရော်နယ်ဒင်ဟို ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားဖွယ်

အေစီမီလန်ဘောလုံးကြယ်ပွင့် ရော်နယ်ဒင်ဟိုသည် အသင်းနှင့် စာချုပ်ထပ်မံချုပ်ဆိုရေး မအောင်မြင်ပါက ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားဖွယ်ရှိသည်။

စပါးမှဂရက်ဘာလီအားခေါ်ယူရန် ဂျူဗင်းတပ်စ် စီစဉ်နေ

စီးရီးအေအသင်း ဂျူဗင်းတပ်စ်သည် စပါးမှ ဝေလလက်ရွေးစင်ကစားသမား ဂရက်ဘာလီအား ပြောင်းရွှေ့ကြေးပေါင် ၁၂သန်းဖြင့် ကမ်းလှမ်းစာချုပ်ခေါ်ယူရန် စီစဉ်နေသည်။

ဘန်ဇီမာအားခေါ်ယူရေး မန်ယူထက် အေစီအသာစီးရဖွယ်

အေစီမီလန်အသင်းသည် ယင်း၏ဘရာဇီး တိုက်စစ်မှူးပါတိုနှင့် ရီးရဲမက်ဒရစ်မှ ပြင်သစ်တိုက်စစ်မှူး ဘန်ဇီမာအား လဲလှယ်စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းခြင်းဖြင့် ဘန်ဇီမာအား ခေါ်ယူရေးတွင် မန်ယူထက် နှာတဖျား အသာစီးရသွားဖွယ်ရှိသည်။

ဂျိုကိုးလ် ချယ်လ်ဆီးနှင့် စာချုပ်ထပ်မံချုပ်ဆိုမည်

ချယ်လ်ဆီးကွင်းလယ်ကစားသမား ဂျိုကိုးလ်သည် အသင်းနှင့်စာချုပ် ထပ်မံချုပ်ဆိုရေး သေချာနေကြောင်း နည်းပြအန်ဆယ်လော့တီက ပြောကြားသည်။

ဂါဗင်ရီဒ်နှင့်ဆိုကိုနာ ယှဉ်ပြိုင်ထိုးသတ်မည်

ဝေလလက်ဝှေ့သမား ဂါဗင်ရီဒ်သည် ဧပြီ၉ရက် (ယနေ့) တွင် ခြောက်ချီယှဉ်ပြိုင်ထိုးသတ်ရမည့် လိုက်ဝိတ်လက်ဝှေ့ပြိုင်ပွဲ၌ ပြိုင်ဘက် ပြင်သစ်လက်ဝှေ့သမား အက်ဘ်ဒိုလာယေးဆိုကိုနာနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

မက်ကာရီနယ်လီနှင့် ကော့ထ်လိုဘေး ခရူဇာဝိတ်သရဖူလုမည်

ကမ္ဘာ့လက်ဝှေ့ချန်ပီယံဟောင်းဖြစ်သည့် ဝေလလက်ဝှေ့သမား အင်ဇိုမက်ကာရီနယ်လီသည် လစ်လပ်နေသော ဥရောပခရူဇာဝိတ်သရဖူကို ရယူရန်အတွက် လာမည့် ဧပြီ ၂၄ရက်တွင် ၎င်း၏ဇာတိမြို့ စိန့်ပီတာစဘတ်ဂ်၌ ရုရှားလက်ဝှေ့သမား အလက်ဇန္ဒြားကော့ထ်လိုဘေးနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

ဟာရစ်ဆန်အား အလဲထိုးနိုင်ရန် စပရော့ထ်မျှော်လင့်

လစ်လပ်နေသော ဥရောပ ဟဲဗီးဝိတ်သရဖူလုပွဲအဖြစ် ဧပြီ ၉ရက်(ယနေ့) ညပိုင်းတွင် ထိုးသတ်ရမည့် ပွဲစဉ်မတိုင်မီ လက်ဝှေ့ကျော် မိုက်ကယ်စပရော့ထ်သည် ၎င်း၏ပြိုင်ဘက် အော့ဒလေဟာရစ်ဆန်အား သွေးကြောင်သူတစ်ဦးဟု စွပ်စွဲပြောကြားခဲ့ကြောင်း၊ အိုလံပစ်ချန်ပီယံဟောင်း ဟာရစ်ဆန်အား ၂၀၀၇ခုနှစ်က ဆုံတွေ့ယှဉ်ပြိုင်ထိုးသတ်စဉ် သုံးချီတွင် စပရော့ထ်က အလဲထိုးအနိုင်ယူပြီး ယခုတစ်ကြိမ်တွင်လည်း ယင်းရလဒ်မျိုးကိုပင် စပရော့ထ်က မျှော်လင့်ထားကြောင်း သိရသည်။ ။

ပျော်ရွှင်စွာ ဆင်နွှဲ ရိုးရာသင်္ကြန်ပွဲ

➤ သတင်းမြင်ကွင်း-ဝင်းကျော် ➤ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း) ➤ စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင် (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၈

မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ်မှ ၁၃၇၂ခုနှစ်သို့ မကြာမီရက်အနည်းငယ်အတွင်း ကူးပြောင်းပေတော့မည်။ နှစ်သစ်ကူးပြောင်းမှုနှင့်အတူ မြန်မာ့ရိုးရာ ခါသင်္ကြန်ပွဲတော်လည်း ကျင်းပတော့မည်ဖြစ်ရာ ရန်ကုန်မြို့နေရာအနှံ့၌ ဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ ဆောက်လုပ်နေသည်ကို မြင်တွေ့ရပေပြီ။

ရွှေဂုံတိုင်ကလေးပြုစုရေးဌာနမှ ရင်သွေးငယ်များကလည်း ယိမ်းအက ညီညီညာညာ လေ့ကျင့်နေစဉ်။

သင်္ကြန်ဖက်ရှင်

စူပါမားကတ်များ၊ စတိုးဆိုင်များ၊ ဈေးများ၌ သင်္ကြန်အကြိုဈေးရောင်းပွဲများ၊ အထူးနှုန်းဖြင့်ဈေးလျှော့၍ အီလက်ထရွန်နစ်ပစ္စည်းများ ရောင်းချပေးခြင်း၊ သင်္ကြန်ဖက်ရှင်အဝတ်အထည်များ၊ သင်္ကြန်ကလေးကစားစရာပစ္စည်းများ ရောင်းချပေးမှုကို တွေ့ရသည်။

ယခုနှစ်သင်္ကြန်၏ ထူးခြားမှုမှာ သင်္ကြန်အကြိုရောက်သည့်နေ့သည် ကဆုန်လဆန်း ၁ရက်နေ့ဖြစ်နေသည်မှာလည်း ထူးခြားမှုပင်ဖြစ်သည်။

စိတ်မှာမြင်ယောင်

ရာသီဥတုအပူကို မမှုဘဲ မြန်မာ့ရိုးရာသင်္ကြန်ကို အတာရေပက်ဖျန်းခြင်းဖြင့်

အလုံမြို့နယ် မူကြို(၄)မှ သမီးငယ်လေးများ ပျော်ရွှင်စွာ ယိမ်းတိုက်နေဟန်ကလည်း ချစ်စဖွယ်....။

အေးမြအောင် ရေကစားကြမည့်ပြည်သူများ သင်္ကြန်ကာလအတွက် ကြိုတင်ပြင်ဆင်မှုများကို တွေ့မြင်ရသည်မှာ သင်္ကြန်ကျရောက်ပါက ပျော်ရွှင်စွာရေကစားကြမည့် ပုံရိပ်များကို မြင်ယောင်နေမိသည်။

နှစ်စဉ် ကျင်းပနေကျဖြစ်သော ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကိုလည်း ဆောက်လုပ်နေပြီဖြစ်သည်။

ဖျော်ဖြေရေး

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် ရေပက်ကစားခြင်းနှင့်အတူ ယိမ်းအဖွဲ့များ ယှဉ်ပြိုင်ကပြခြင်း၊ အလှပြယာဉ်များ ယှဉ်ပြိုင်ခြင်း၊ တေးဂီတဖျော်ဖြေတင်ဆက်ခြင်းဖြင့် စည်ကားစွာ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန အက/ဂီတဌာနစုမှ ဌာနစုမှူး ဒေါ်စန်းစန်းကြည်နှင့်တွေ့ဆုံပြီး ဖျော်ဖြေရေးကဏ္ဍနှင့် ပတ်သက်၍ မေးမြန်းကြည့်ခဲ့ရာ-

"ရေပက်ကစားခြင်းနဲ့ ဖျော်ဖြေရေးအစီအစဉ်များကို နံနက် ၈နာရီမှ မွန်းတည့် ၁၂ နာရီအထိကျင်းပကာ နေ့လယ်ပိုင်းခေတ္တရပ်နားပြီး မွန်းလွဲ ၂နာရီမှ ညနေ ၅နာရီ အထိ ပြန်လည်ပြုလုပ်ပါမယ်။ ညပိုင်းဖျော်ဖြေရေးအစီအစဉ်ကို ည၇နာရီမှ ၁၀နာရီအထိ ပြုလုပ်ပါမယ်။

ဧပြီ ၁၄ရက် (သင်္ကြန်အကျနေ့) ညပိုင်းမှာ ရန်ကုန်မြို့တော်စည်ပင် အက/ဂီတဌာနမှ တေးသီချင်းများနဲ့ ဖျော်ဖြေပြီး အငြိမ့်ကပြပါမယ်။

ဧပြီ ၁၅ရက် (သင်္ကြန်အကြတ်နေ့) ညပိုင်းမှာ ခေတ်ပေါ် ဂီတအဖွဲ့နဲ့အတူ ရုပ်ရှင်နဲ့ဂီတမှ နာမည်ကျော် အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ပါမယ်။

အလှပြယာဉ်

အလှပြယာဉ် ယှဉ်ပြိုင်မှုအနေနဲ့ ပြိုင်ပွဲဝင် အလှပြယာဉ်ငါးစီးရှိပါတယ်။ မူကြို ယိမ်းပြိုင်ပွဲမှာ မူကြို(၄)အလုံ၊ မူကြို စမ်းချောင်း၊ မူကြို(၃) မင်္ဂလာဒုံနဲ့ ထောက်ကြန့် ကလေးပြုစုရေးဌာန ယိမ်းအဖွဲ့လေးဖွဲ့ ယှဉ်ပြိုင်ပါမယ်။

၁၂ဦး၊ ၁၆ဦး အခြားအဖွဲ့အစည်းနဲ့ ကျောင်း ယိမ်းအဖွဲ့ ၂၀ဦး၊ အခြားအဖွဲ့အစည်း ယိမ်းအဖွဲ့ဆိုပြီး ယိမ်းအဖွဲ့ စုစုပေါင်း ၄၁ဖွဲ့ ယှဉ်ပြိုင်ကပြပါမယ်"ဟု သင်္ကြန်ကာလ ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်များကို ရှင်းပြသည်။

လူငယ်များ ရေပက်ကစားနိုင်ရန်အတွက် ကန်တော်ကြီး ကန်ပတ်လမ်းတစ်လျှောက်၌ မဏ္ဍပ်များ အပြိုင်အဆိုင် ဆောက်လုပ်နေသည်ကို တွေ့ရသည်။ အဆိုပါ ရေကစားမဏ္ဍပ်များ၌ စာရင်းပေးသွင်း၍ ရေပက်ကစားနိုင်ပြီး ဖျော်ဖြေရေး အကအဖွဲ့များလည်း ပါရှိသဖြင့် လူငယ်များ ပျော်ရွှင်စွာ ရေပက်ကစားနိုင်ကြမည် ဖြစ်သည်။

အနုပညာရှင်များ

ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်ရှေ့၌ T.Home မဏ္ဍပ်ကြီးကိုလည်း ဆောက်လုပ်လျက်ရှိပြီး တေးဂီတဖျော်ဖြေမှုနှင့် တွဲဖက်၍ ရုပ်ရှင်နှင့်ဂီတမှ အနုပညာရှင်များက ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်မဏ္ဍပ်များကို ကန်တော်ကြီး ကန်ပတ်လမ်း၊ ပြည်လမ်း ဧမိုင်မှ ဟံသာဝတီ အဝိုင်းအထိ၊ ကမ္ဘာအေးဘုရားလမ်း၊ သာခုကန်၊ ဆရာစံလမ်းတစ်လျှောက်၊ ဗိုလ်ချုပ်ဈေးရှေ့နှင့် ဘုရင့်နောင်ဆပ်ပြာကုန်ကြမ်းစက်ရုံရှေ့၊ ပန်းဆိုးတန်းလမ်းနှင့် ပါရမီလမ်းတို့၌ စုစုပေါင်းမဏ္ဍပ် ၄၀ကျော် ဆောက်လုပ်ရန် သက်ဆိုင်ရာက စီစဉ်ထားကြောင်း သိရသည်။

ဧပြီ ၈ရက်က ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကို ဤသို့ ဆောက်လုပ်လျက်ရှိသည်။

သင်္ကြန်ပုံရိပ်

သင်္ကြန်ကာလတွင် ရေပက်ကစားသူများရော၊ ရေပက်ခံထွက်သူများပါ ပျော်ရွှင်စွာ ရေကစားနိုင်ရန်အတွက် ရေကစားမဏ္ဍပ်များ နေရာအနှံ့တွင် ဆောက်လုပ်လျက်ရှိသဖြင့် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကို မိမိကြောင့် အကျည်းတန် မညစ်နွမ်းအောင် ဝတ်စားဆင်ယင်မှုများ ထိန်းသိမ်းခြင်း၊ အလွန်အကြူး ပျော်မြူးခြင်းများ မဖြစ်အောင် ထိန်းသိမ်းနိုင်ကြပါစေကြောင်း သင်္ကြန်အကြိုပုံရိပ်များကို သတင်းမြင်ကွင်း တင်ဆက်လိုက်ရပါကြောင်း....။ ။

(မြန်မာ့အလင်း)

ကန်တော်ကြီး ကန်ပတ်လမ်းတစ်လျှောက်၌ ရေကစားမဏ္ဍပ်များ ဆောက်လုပ်နေပြီ....။

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက် လျှောက်ထားလျက်ရှိ

နေပြည်တော် ဧပြီ ၈

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီ၏ အမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ ၂၀၁၀ ခုနှစ် ဧပြီ (၈)ရက်တွင် အောက်ပါအတိုင်း လာရောက်လျှောက်ထားခဲ့ကြကြောင်း သတင်းရရှိသည်-

(က) ပြည်ထောင်စုဒီမိုကရေစီပါတီ
(Union Democracy Party)
(ခ) ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ
(ဂ) တအာင်း (ပလောင်) အမျိုးသားပါတီ

(သတင်းစဉ်)

နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့် လျှောက်ထား

နေပြည်တော် ဧပြီ ၈

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်- ၄/၈၈)အရ တည်ရှိနေသော ပါတီများအနက် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်သည် ၂၀၁၀ ခုနှစ် ဧပြီ (၈)ရက်တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် လက်တွေ့ သရုပ်ပြမီးငြိမ်းသတ်မှုများ ဆောင်ရွက်

နေပြည်တော် ဧပြီ ၈

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ သတင်းစာတိုက်များအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်း၊ ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်မှု ပြုလုပ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၁၁နာရီက ဗဟန်းမြို့နယ် ဗိုလ်ချို (၂)ရပ်ကွက် နတ်မောက်လမ်းသွယ်(၁) အမှတ် ၅၃ မြန်မာ့အလင်းသတင်းစာတိုက်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ တာမွေမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ရဲဗလမျိုးဝင်းနှင့် တာဝန်ရှိသူများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်နှင့် မြန်မာ့အလင်းပုံနှိပ်တိုက်တို့မှ မန်နေဂျာများ၊ လက်ထောက်မန်နေဂျာနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ တာမွေမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူးက မီးဘေးကြိုတင်ကာကွယ်ရေးနှင့်စပ်လျဉ်းသည်များကို ဗီဒီယိုဆလိုက်ဖြင့် ဆွေးနွေးဟောပြောသည်။

လက်တွေ့ ပြုလုပ်

ထို့နောက် ဦးစီးမှူး ရဲဗလမျိုးဝင်းက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှုများကို မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြသရာ သတင်းစာတိုက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ဝန်ထမ်းများက မီးငြိမ်းသတ်မှုများကို လက်တွေ့ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေနီမြို့မဈေးအတွင်း မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်မှုကို ဧပြီ ၅ရက်က ဦးစီးအရာရှိ ဦးစိုးလွင်၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ ဦးညီညီမောင်နှင့် ဈေးတာဝန်ခံတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

*** ကျော့ဖုံးမှ**

ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သူရ နှင့်တွေ့ဆုံခဲ့ရာ "ကျွန်တော်တို့ ပဲခူးတိုင်းဟာ နိုင်ငံတော်က အားထားရတဲ့ ဒုတိယစပါးကျီ ဖြစ်ပါတယ်။ နှစ်စဉ် စိုက်ဧက၊ အောင်ဧကများ မှန်မှန် တိုးတက်နေသလို ယခုအခါမှာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရဲ့ အားပေးကူညီမှုနဲ့ ပျိုးသက်နုစပါး စိုက်ပျိုးရေးမှာ အံ့သြလောက်အောင် အောင်မြင်ခဲ့ပါတယ်" ဟု အားပါးတရ ပြောပြကာ ဓာတ်ပုံများ ပြသပါသည်။

ပဲခူးခရိုင်သည် တောင်ဘက်တွင် ပဲခူး၊ သနပ်ပင်၊ ကဝ၊ ဝေါ စသည့် မြို့နယ်လေးခုနှင့် မြောက်ဘက်တွင် ညောင်လေးပင်၊ ဒိုက်ဦး၊ ကျောက်တံခါး၊ ရွှေကျင် စသည့် မြို့နယ်လေးခုပါဝင်ကာ စုစုပေါင်း မြို့နယ်ရှစ်ခုဖြင့် ဖွဲ့စည်းထားသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀တွင်တည်ရှိပြီး ပဲခူးရိုးမမှအပ ကုန်းမြင့်ပိုင်းနည်းပြီး အများအားဖြင့် လယ်ကွင်းများသာရှိသော မြေနိမ့်လွင်ပြင် ဖြစ်သည်။

ကျယ်ဝန်း

ပဲခူးခရိုင်သည် အရှေ့-အနောက် မိုင် ၈၀၊ တောင်-မြောက် ၉၆မိုင်၊ စတုရန်းမိုင်ပေါင်း ၅၃၄၉ဒသမ ၃၇၊ ဧရိယာဧက ၃၄၂၃၆၁၃ကျယ်ဝန်းပြီး မြို့ပေါ်ရပ်ကွက် ၉၀၊ ကျေးရွာပေါင်း ၁၃၂၇ရွာရှိသည်။

အားပါးတရ

သတင်းခရီးသည် ပဲခူးခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ဒေသဆိုင်ရာ အချက်အလက်များ စာအုပ်ကို လေ့လာနေစဉ်မှာပင် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးသန်းဦး ရောက်ရှိလာကာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် လမ်း ၄၀နေ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာသန်းထွဋ် ကိုယ်တိုင် လေ့လာ စိုက်ပျိုးအောင်မြင်ခဲ့သည့် "ဦးမင်း၏ မွမ်းမံထားသော ပျိုးသက်နုစပါး စိုက်ပျိုးနည်း" စာတမ်းကို အားပါးတရ ပြသပြောဆိုပါသည်။

ထိုစာအုပ်တွင် ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ရေနက်ကွင်းများတွင် စာရေးသူကိုယ်တိုင်ဦးစီးကာ မိသားစုနှင့်အတူ စိုက်ပျိုးအောင်မြင်ခဲ့သည့် နည်းစနစ်များ ဖော်ပြထားပါသည်။ အဆိုပါနည်းစနစ်အတိုင်း တစ်ပြည်လုံး လယ်သမားများ ဒေသနှင့်ကိုက်ညီ စိုက်ပျိုးပါက လယ်သမားများသည် မုချကြီးပွားတိုးတက်နိုင်မည်ဖြစ်ပေသည်။ မွမ်းမံထားသော ပျိုးသက်နု စပါးစိုက်ပျိုးနည်းကား ဤသို့ဖြစ်သည်။

အောင်မြင်မည်

တစ်ဧကတွင် မျိုးစပါး နို့ဆီဘူး သုံးလုံးနှုန်းဖြင့် လွန်စွာသက်သာသော စနစ်ဖြင့် စိုက်ပျိုးနိုင်ကြသည်။ ယင်းနည်းစနစ်ကြောင့် ရေပိုသွင်းရခြင်း၊ မြေဩဇာ ပိုမိုကုန်ကျခြင်းမရှိဘဲ ပျိုးပင်မှ ရိတ်သိမ်းသည်အထိ ဝီရိယတို့ဖြင့် စိုက်ပျိုးပါက အောင်မြင်မည် ဖြစ်သည်။

ရှေးဦးစွာ ပျိုးထောင်မည့်နေရာကို သာမန်စပါးစိုက်ပျိုးနည်းအတိုင်း တမန်းညက်အောင် မြေပြုပြင်ခြင်း၊ နွားချေး၊ မြေဆွေး၊ သဘာဝဓာတ်မြေဩဇာကို မြေခံထည့်ပေးခြင်းတို့ ဆောင်ရွက်ပြီး

ပျိုးသက်နုစပါး စိုက်ပျိုးနည်းဖြင့် နွေစပါးဧက ၁၀၀ စမ်းသပ် စိုက်ပျိုးရာ အောင်မြင်မှုများကို ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးသန်းဦးက အားပါးတရ ရှင်းပြစဉ်။

လျှင် ယင်းတမန်းမြေပေါ်တွင် ပလတ်စတစ်ခြင်ဆန်ခါ နှစ်ပေခွဲ × သုံးပေကို တင်၍ လက်ဖြင့် တမန်းမြေတွင် လက်မဝက်ခန့်မြုပ်သွားအောင် ဖိပေးရသည်။

ယခင်က လယ်သမားများ ပျိုးထောင်နည်းစနစ်အတိုင်း ပျိုးထောင်ထားသော စာစပါး၊ စပ်ဖြူစပါး ပျိုးစေ့များကို တမန်းမြေတင်ထားသော ပလတ်စတစ်ခြင်ဆန်ခါပေါ် အနေတော်ချပြီး တမန်းမြေနှင့်ဖုံးအုပ်ကာ စပါးမျိုးစေ့များ တမန်းမြေတွင် အမြစ်မတွယ်မီအထိ ရေလောင်းပေး၍ စပါးမျိုးစေ့များ ရေစိမ့်ဝင်သည်အထိ ပြုလုပ်ပေးရပါမည်။ လေးရက်ခန့်အကြာတွင် စပါးပင်များ စိမ်းလန်းစွာ ထွက်ရှိလာပြီး အမြစ်တွယ်လာသည့်အခါ ရေပန်းကရားဖြင့် တိုက်ရိုက်ရေလောင်းကြရမည်။

စိုက်ပျိုးမည့် လယ်ကွက်ကိုလည်း ယခင်က သမားရိုးကျပြုလုပ်သည့်အတိုင်း နွားချေး၊ သဘာဝမြေဩဇာများသုံး၍ တမန်းညက်အောင်၊ မြေညီအောင် ပြုပြင်ရသည်။

ပျိုးသက် ၁၀ရက်ခန့်တွင် ပျိုးများထည့်သွင်းပျိုးထောင်ထားသော ပလတ်စတစ် ခြင်ဆန်ခါ အစနှစ်ဖက်ကို လူတစ်ဦးကဆွဲမပြီး ရေတွင် လှုပ်ဆေးကာ စိတ်ရှည်စွာဖြင့် ပျိုးပင်များကို တစ်ပင်ချင်း သပ်သပ်ရပ်ရပ် နုတ်ယူကာ ချက်ချင်း မိနစ် ၃၀အတွင်း ပျိုးခင်းတမန်းမြေတွင် ကိုးလက်မ × ကိုးလက်မကောက်ကွက် အကွာအဝေးဖြင့် လက်ဆကောက်ကွက် တစ်ကွက်လျှင် နှစ်ပင်နှုန်း မြေအနက်လက်မဝက်ဖြင့် စိုက်ပျိုးရပါမည်။

သုံးရက်မှ ငါးရက်ခန့်တွင် ကောက်ပင်လှန်ပြီးချိန်မှစ၍ တမန်းမြေအနေအထားကိုကြည့်ကာ ရေသွင်းခြင်း၊ အခြောက်ထားခြင်းဖြင့် တစ်လမှ တစ်လခွဲခန့်တွင် ကောက်ကွက်တစ်ကွက်လျှင် နှစ်ပင်နှုန်း စိုက်ခဲ့သော စပါးပျိုးခင်းမှာ အပင် ၂၀မှ အပင် ၃၀အထိ ၁၀ဆ၊ ၁၅ဆမျှ တိုးပွားလာသည်ကို ကျေနပ်ပီတိအပြည့်နှင့် မြင်တွေ့ရပေမည်။ ဝီရိယအားနှင့် သတိအားကြီးလေလေ အောင်မြင်လေ ဖြစ်ပေသည်။

ကြားပေါင်းလိုက်ခြင်းကို ပျိုးပင် ၁၄ရက်သားမှစ၍ အခါအားလျော်စွာ လိုက်ပေးကာ ပျိုးပင် ၁၄ရက်သားခန့်တွင် တစ်ဧကလျှင် ယူရီးယားဓာတ်မြေဩဇာ ၁၀ကီလို ကျွေးရကြောင်း သိရသည်။

ဦးမင်း၏ မွမ်းမံထားသော ပျိုးသက်နု စပါးစိုက်ပျိုးနည်း (U.M.M.S.R.I) အောင်မြင်မှုကို ခရိုင်ဥက္ကဋ္ဌ၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာနှင့် ခရိုင်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့များ၊ စည်ပင်သာယာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြိုင်တို့က အားပါးတရ စာစောင်၊ လက်ကမ်း

ယခုနှစ် ပျိုးသက်နုစပါး စိုက်နည်းဖြင့် နွေစပါးကို စရိတ်သက်သာစွာ စိုက်ပျိုးအောင်မြင်သဖြင့် တက္ကသိုလ်ပညာသင်ဆဲ သားနှင့်သမီးကို ပိုမိုထောက်ပံ့ရမည်ဖြစ်သဖြင့် ဝမ်းသာအားရ ပြောပြသည့် လယ်သမားကြီး ဦးကျော့ရွှေ။

"ပျိုးသက်နု စပါးစိုက်ပျိုးရေးမှာ အံ့သြလောက်အောင် အောင်မြင်ခဲ့ပါတယ်"
ဦးမြင့်သူရ၊
ဥက္ကဋ္ဌ၊
ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။

ကြော်ငြာ၊ ဓာတ်ပုံများ ပြသသည့်အပြင် ပဲခူးခရိုင် သနပ်ပင်မြို့နယ်အတွင်း အမှန်တကယ်စိုက်ပျိုးကာ ရိတ်သိမ်းအောင်မြင်နေသည့် စပါးခင်းသို့ သွားရောက်လေ့လာရန် အကြံပေးသဖြင့် သတင်းခရီးသည် ညနေ ၃နာရီတွင် သနပ်ပင်မြို့သို့ ခရီးဆက်ခဲ့ကြသည်။

ပဲခူးမြို့မှ ခြောက်မိုင်မျှဝေးသည့် သနပ်ပင်မြို့ အောင်စရပ်ကွက် ပုံကွင်းမှ မွမ်းမံထားသော ပျိုးသက်နု စပါးစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးထားသော ဦးကျော့ရွှေမိသားစုပိုင် ဧက၁၀၀နှင့် လယ်သမား ၁၀၀၀ကျော် စိုက်ပျိုးထားသော ဝင်းဝါနေသည့် စပါးဧက ၅၀၀၀ကျော်က ကြိုဆိုနေပါသည်။ မျက်စိတစ်ဆုံးမြင်ရသော စပါးခင်းများက စိတ်ချမ်းမြေ့စရာ ကောင်းလှပါသည်။

နွေစပါး ပျိုးသက်နုစိုက်ပျိုးခြင်းဖြင့် ဒေသခံလယ်သမားများ၏ ဝင်ငွေအမှန်ပင် တိုးတက်လာမည်ဖြစ်ကြောင်း တာဝန်ရှိသူများ၏ပြောပြချက်၊ ဒေသခံလယ်သမားတို့၏ ပြုံးရွှင်နေသော မျက်နှာတို့က အောင်မြင်မှုကို သက်သေပြနေသည်။

သက်သာ

တစ်ဧက သမားရိုးကျစိုက်နည်းဖြင့် စိုက်ပျိုးပါက မျိုးစပါး နှစ်တင်းကုန်ကျကာ ယခုပျိုးသက်နု စိုက်ပျိုးခြင်းသည် တစ်ဧက မျိုးစပါး နို့ဆီဘူး သုံးဘူးသာ ကုန်ကျသဖြင့် များစွာ သက်သာသည်။

ဤသို့ဆိုလျှင် တစ်နိုင်ငံလုံးတွင် စပါးဧက ၁၈သန်းမျှ စိုက်ပျိုးသဖြင့် ပျိုးသက်နု စပါးစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးပါက စပါးတင်း သန်းပေါင်းများစွာ ပိုမိုလာပေမည်။ ပြည်တွင်းဖူလုံရုံမျှမက ပြည်ပဈေးကွက်သို့လည်း တိုးတက်တင်ပို့နိုင်မည် ဖြစ်သည်။

လက်ကမ်းစာစောင်တွင် ဖော်ပြချက်အရ သမားရိုးကျ စပါးစိုက်ပျိုးခြင်း ကုန်ကျစရိတ်နှင့် အသားတင်အမြတ်၊ ပျိုးသက်နု စိုက်ပျိုးခြင်း ကုန်ကျစရိတ်နှင့် အသားတင်အမြတ်တို့ကို နှိုင်းယှဉ်ဖော်ပြထားရာ ပျိုးသက်နု စပါးစိုက်ပျိုးခြင်းက တစ်ဧကလျှင် ငွေကျပ် ၉၀၆၂၀ခန့် အကျိုးအမြတ် ပိုမိုခံစားရသည်ကို ဖော်ပြထားသည်။

ပျိုးသက်နုစပါး စိုက်ပျိုးနည်းဖြင့် လက်တွေ့ စိုက်ပျိုးအောင်မြင်ခဲ့သော

လယ်သမားကြီး ဦးကျော့ရွှေက ပျိုးသက်နုစပါးစိုက်နည်းဖြင့် နွေစပါး အောင်မြင်မှုကို မြို့နယ်ဥက္ကဋ္ဌနှင့် သတင်းအဖွဲ့အား လက်တွေ့ပြသစဉ်။

သနပ်ပင်မြို့နယ်မှ လယ်သမားကြီး ဦးကျော့ရွှေကို တွေ့ဆုံမေးမြန်းခဲ့ရာ "နွေစပါးကို ပျိုးသက်နု စပါးစိုက်နည်းဖြင့် လက်တွေ့စိုက်ပျိုးခဲ့ရာ အခက်အခဲမရှိ စရိတ်သက်သာစွာဖြင့် အောင်မြင်ခဲ့ကြောင်း၊ နှစ်ပေခွဲ × သုံးပေမျှရှိသည့် သမံတလင်းငယ်ပေါ်တွင် ဆင်းသုခ စပါးမျိုးစေ့ကို ၂၀၀၉ ခုနှစ် အောက်တိုဘာ ၂၃ရက်တွင် စိုက်ပျိုးထောင်ခဲ့ကြောင်း၊ ဒုတိယ သမံတလင်းမှာ ပေ ၄၀ × ပေ ၄၀အကျယ်ရှိပြီး တစ်ပင်ချင်း စိတ်ရှည်စွာနုတ်၍ နှစ်ပင်ပူး၍ စိုက်ပျိုးရကြောင်း၊ နောက်ဆုံး မိမိစိုက်ပျိုးမည့် ဧက ၁၀၀တွင် ယခင်စိုက်ပျိုးနည်းအတိုင်း ကုန်ကျစရိတ်သက်သာစွာ စိုက်ပျိုးခဲ့ကြောင်း ပြောပြပါသည်။

များစွာသက်သာ

ဒုတိယ တမန်းကွင်းတွင် အရေးကြီးကြောင်း၊ တမန်းကွင်းညီညာကာ ပျိုးပင်တစ်ပင်စီနုတ်၍ နှစ်ပင်ပူး စိုက်ရာတွင် စိတ်ရှည်ရန် လိုအပ်ကြောင်း၊ လက်ကောက်ကွက်ဖြင့် ကိုးလက်မခြားစိုက်ရကြောင်း၊ ရက်ပေါင်း ၂၀ကျော်သည့်အခါ မိမိမိသားစုနှင့် ဆွေမျိုးများပါ စိုက်ပျိုးထားသော စပါးပင်များမှာ အဆ ၂၀၊ ၃၀ခန့် တိုးပေါက်လာသဖြင့် ဝမ်းသာရကြောင်း၊ ယခင်က ဧက ၁၀၀တွင် စပါးတင်း ၂၀၀ ပျိုးထောင်စိုက်ပျိုးရာ ယခုစပါး နှစ်တင်းကျော်သာ ပျိုးထောင်ရသဖြင့် များစွာသက်သာခဲ့ကြောင်း၊ တစ်ဧကတင်း ၁၂၀မျှထွက်ရှိရာ စိုက်ပျိုးစရိတ်သက်သာရုံမျှမက အထွက်ပါတိုးသဖြင့် လွန်စွာဝမ်းသာကြောင်း ပြောပြပါသည်။

လယ်သမားကြီး ဦးကျော့ရွှေက "ပျိုးသက်နု စပါးစိုက်ပျိုးနည်းဖြင့် စပါးနှံတစ်ခုတွင် အောင်စေ့ ၁၁၀ကျော်ပါ စပါးနှံကို စပါးခင်းတွင် လက်တွေ့ပြသပြီး တက္ကသိုလ်ပညာသင်ဆဲ သားနှင့်သမီးကို ယခုထက် ပိုမိုထောက်ပံ့နိုင်တော့မည်ဖြစ်၍ ဝမ်းသာကြောင်း၊ လုပ်ဖော်ကိုင်ဖက် လယ်သမားများကိုလည်း ပျိုးသက်နု စပါးစိုက်နည်းဖြင့် စိုက်ပျိုးရန် ပြောပြမည်ဖြစ်ကြောင်း" စိတ်ရင်းအမှန်ဖြင့် ပြောပြပါသည်။

ပြင်ပဝင်ငွေ

စိုက်ပျိုးသူလယ်သမားများ ဝင်ငွေတိုးတက်ကာ လူနေမှုအဆင့်အတန်းတိုးတက်စေရန်နှင့် နိုင်ငံတော်အတွက် ပြည်ပဝင်ငွေ ရရှိစေရန်အတွက် ပျိုးသက်နု စိုက်ပျိုးမှုနည်းပညာကို ဖြန့်ဖြူးလိုစိတ် သတင်းခရီးသည်တွင် ဖြစ်ပေါ်ခဲ့သည်။

ပဲခူးခရိုင်သည် မူလကတည်းက ဒေသဆိုင်ရာ အာဏာပိုင်အဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် စပါးအထွက်နှုန်းကောင်းမွန်ခဲ့ရာ ယခုအခါ ဦးမင်း၏ မွမ်းမံထားသော ပျိုးသက်နု စပါးစိုက်ပျိုးနည်းဖြင့် ခရိုင်တစ်ခုလုံး၊ တိုင်းတစ်ခုလုံး၊ ပြည်ထောင်စုတစ်ခုလုံး စပါး အထွက်တိုးတက်စေမည်မှာ အမှန်ပင်။ စိုက်ပျိုးနည်းစနစ် မှန်ကန်ပြီး အထွက်နှုန်းကောင်းသော ပျိုးသက်နု စပါးစိုက်ပျိုးနည်းကား စပါးအထွက်နှုန်းတိုးစေခြင်းဖြင့် ပဲခူးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုအလှကို စာပန်းချီခြယ်မှုန်း၍ မမီနိုင်အောင် အောင်မြင်ဖြစ်ထွန်းစေတော့မည်မှာ ဧကန်ဖြစ်ပါကြောင်း။ ။ (မြန်မာ့အလင်း)

ပဲခူးတိုင်း သနပ်ပင်မြို့နယ်အတွင်း ဝင်းဝါနေသည့် ပျိုးသက်နု စပါးစိုက်ခင်းနှင့် သမားရိုးကျ နွေစပါးစိုက်ခင်းဧက ၅၀၀၀ကျော်ကို မျက်စိတစ်ဆုံး တွေ့ရသည်မှာ....။

တစ်ဧက သမားရိုးကျစိုက်နည်းဖြင့် စိုက်ပျိုးပါက မျိုးစပါး နှစ်တင်းကုန်ကျကာ ယခုပျိုးသက်နု စိုက်ပျိုးခြင်းသည် တစ်ဧက မျိုးစပါး နို့ဆီဘူး သုံးဘူးသာ ကုန်ကျသဖြင့် များစွာ သက်သာ။

9-4 (08-09).pmd 1 4/9/2010, 1:16 AM

...တစ်ဇကေ တိုးတက်စေရန်နှင့် နိုင်ငံတော်အတွက်
...ူးစရိတ် ပြည်ပဝင်ငွေ ရရှိစေရန်အတွက်
...်ပါတိုး ပျိုးသက်နု စိုက်ပျိုးမှုနည်းပညာကို
...ကြောင်း ဖြန့်ဖြူးလိုစိတ် သတင်းခရီးသည်တွင်
ဖြစ်ပေါ်ခဲ့သည်။
...ာ့ရွှေက ပဲခူးခရိုင်သည် မူလကတည်းက
...ည်းဖြင့် ဒေသဆိုင်ရာ အာဏာပိုင်အဆင့်ဆင့်
...ဝကျော် ၏ ကြီးကြပ်မှုဖြင့် စပါးအထွက်နှုန်း
...က်တွေ့ ကောင်းမွန်ခဲ့ရာ ယခုအခါ ဦးမင်း၏
...သင်ဆဲ မွမ်းမံထားသော ပျိုးသက်နု စပါးစိုက်
ပိုမို ပျိုးနည်းဖြင့် ခရိုင်တစ်ခုလုံး၊ တိုင်း

...ကျော့ရွှေက ပျိုးသက်နုစပါးစိုက်နည်းဖြင့်
...့နယ်ဉက္ကဋ္ဌနှင့် သတင်းအဖွဲ့အား လက်တွေ့

...မ်းသာ တစ်ခုလုံး၊ ပြည်ထောင်စုတစ်ခုလုံး
...်သမား စပါး အထွက်တိုးတက်စေမည်မှာ
...ပါးစိုက် အမှန်ပင်။ စိုက်ပျိုးနည်းစနစ် မှန်ကန်
...မည်ဖြစ် ပြီး အထွက်နှုန်းကောင်းသော ပျိုးသက်နု
...ပြောပြ စပါးစိုက်ပျိုးနည်းကား စပါးအထွက်နှုန်း
တိုးစေခြင်းဖြင့် ပဲခူးတိုင်း၏ ဖွံ့ဖြိုး
တိုးတက်မှုအလှကို စာပန်းချီခြယ်မှုန်း
၍ မပီနိုင်အောင် အောင်မြင်ဖြစ်ထွန်း
...းဝင်ငွေ စေတော့မည်မှာ ဧကန်ဖြစ်ပါ
...အတန်း ကြောင်း။ ။ (မြန်မာ့အလင်း)

သမားရိုးကျစိုက်နည်း ...ပါက မျိုးစပါး နှစ်တင်း ...သခုပျိုးသက်နု စိုက်ပျိုး ...စ်ဧကေ မျိုးစပါး နို့ဆီဘူး ...ကုန်ကျသဖြင့် များစွာ



တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း
ကျွန်းစုမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၈

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် အဖွဲ့ဝင်များသည် ဧပြီ ၃ရက် နံနက်ပိုင်းက ကျွန်းစုမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကြပြီး ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ တာဝန်ရှိသူများက ကျွန်းစုမြို့နယ်မှ ရောဂါဝေဒနာရှင်များအား ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က လူနာများအားကြည့်ရှုအားပေးစကားပြောကြားပြီး မျက်စိခွဲစိတ်ပြီး လူနာများအား မျက်မှန်များ တပ်ဆင်လှူဒါန်းပေးကာ ဆေးဝါးနှင့် အာဟာရများ ပေးအပ်ကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကတ္တလူချောင်း အသေးစား ရေအားလျှပ်စစ်စီမံကိန်း အဆင့်(၂) တည်ဆောက်ရေးလုပ်ငန်းသို့ရောက်ရှိရာ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျွန်းစုမြို့နယ် ကျောင်းသားကျောင်းသူများအတွက် အဆောင်တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက အဆောင်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြသပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် ရွှေဟင်္သာလမ်း အမှတ်(၁၈)နေ ဒေါ်ရီရီမြင့်၊ ဒေါ်မြင့်မြင့်ရီ၊ ဒေါ်ခင်သန်းနွယ်တို့က ဒေါ်လှရင်နှင့် ဒေါ်ခင်ထွေးအား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေနှင့် စောင့်ရှောက်ရေး သူနာပြု ဒေါ်သီတာဝင်းတို့ လက်ခံယူစဉ်။
(ကင်ဆာဖောင်ဒေးရှင်း)

မန္တလေး ချမ်းအေးသာစံမြို့နယ်၌ လမ်းသစ်ဖွင့်ပွဲကျင်းပ
တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဧပြီ ၈

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ၆၂လမ်း လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၂ရက် နံနက်ပိုင်းက အဆိုပါ လမ်းထိပ်၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက လမ်းသစ်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် မြို့တော်ဝန် (**အပေါ်ပုံ**)တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လမ်းသစ်ကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဉတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

Air Bagan Myanmar Open 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဂျပန်နိုင်ငံမှ Tetsuji Hiratsuka ဦးဆောင်ကစားလျက်ရှိသည်။ (ဂေါက်သီးအဖွဲ့ချုပ်)

Air Bagan Myanmar Open 2010
ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့ (၁၈)ကျင်း ပြိုင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၈

မြန်မာပီဂျီအေနှင့် Asian Tour တို့ပူးပေါင်းကျင်းပပြီး Title Sponsor အဖြစ် Air Bagan Ltd. က အဓိကကူညီပံ့ပိုး၍ Presenting Sponsor အဖြစ် International Beverages Trading Co.,Ltd (IBTC) က ထပ်မံပံ့ပိုးကူညီသည့် Air Bagan Myanmar Open 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို ယနေ့ နံနက် ၆နာရီ ၃၅မိနစ်က ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ Pun Hlaing Golf Club ၌ စတင်ကျင်းပသည်။

ဦးဆောင်ကစား

ပထမနေ့(၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Tetsuji Hiratsuka (Japan) က ၆၄ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး Jbe Kruger (တောင်အာဖရိက)၊ Gavin Flint (ဩစတြေးလျ)နှင့် Prayad Marksaeng (ထိုင်း)တို့က ၆၆ချက်စီတို့ဖြင့် ဒုတိယလိုက်နေကြသည်။

မြန်မာနိုင်ငံမှ ရန်မျိုးအေး၊ သိန်းဇော်မြင့်နှင့် နိုင်နိုင်လင်းတို့က ၆၈ချက်စီဖြင့် အဆင့် ၁၄ (Position) ဖြစ်ကြသည်။

အဆိုပါပြိုင်ပွဲကို Co,Sponsor အဖြစ် Elit-Tech မှ ထပ်မံကူညီပံ့ပိုးပြီး Sedona Hotel (Yangon) က (Official Hotel) အဖြစ်လည်းကောင်း၊ Srixon က (Official Ball) အဖြစ်လည်းကောင်း ပါဝင်ကြသည်။

ဆက်လက်ကျင်းပ

ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဧပြီ ၉ရက် နံနက် ၆နာရီ ၃၅မိနစ်တွင် ယင်းဂေါက်ကလပ်၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

လက်ချောင်း ၁၅ချောင်းနှင့် ခြေချောင်း ၁၆ချောင်းပါ ကလေးငယ်



တရုတ်နိုင်ငံ ရှန်ယန်မြို့တွင် နေထိုင်သော အသက်ခြောက်နှစ်အရွယ် ကလေးငယ်တစ်ဦးသည် လက်ချောင်းနှင့် ခြေချောင်းလေးများမှာ ပုံမှန်ထက် ပိုမိုများပြားနေကြောင်း တွေ့ရသည်။

အပိုပါရှိ

သူ၏လက်ချောင်းလေးများမှာ ဝဲဘက်လက်ချောင်းလေးမှာ ခုနစ်ချောင်းရှိပြီး လက်ယာဘက်လက်ချောင်းလေးမှာ ရှစ်ချောင်းပါရှိသည်။ ထို့အတူ ခြေချောင်းလေးများလည်း အပိုပါရှိခဲ့ရာ ဝဲဘက်ခြေချောင်းလေးမှာ ရှစ်ချောင်း ပါရှိသကဲ့သို့ ယာဘက်ခြေချောင်းလေးမှာလည်း ရှစ်ချောင်း ပါရှိသည်ကို တွေ့ရသည်။

စီစဉ်နေ

ဆရာဝန်များက ကလေးငယ်၏ အပိုပါရှိလာသော လက်ချောင်းနှင့် ခြေချောင်းလေးများကို ခွဲစိတ်ကုသဖယ်ရှားပေးရန် စီစဉ်လျက်ရှိသည်။
(အင်တာနက်)

ကိုသစ္စာ-ရေးသားသည်

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် အမှတ်(၄) လမ်းမကြီးတစ်လျှောက် အဖွဲ့ပိုင်မြေတူးစက်ဖြင့် ရေမြောင်းများတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ခြင်းကို မတ် ၇ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးလှဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အနာဟောင်းများ ပြန်မထစေချင်

ဒေါက်တာလွင်ကို

TB ဆေးရုံအုပ်ကြီး(မန်း) ပေးလိုက်သော(Overview of MDR TB epidcmiology in SEA Region), ဆေးယဉ်ပါးသော တီဘီရောဂါတွင် ကူးစက်ခြင်းနှင့် ကာကွယ်ခြင်းအပေါ် ခြုံငုံသုံးသပ်ချက် (Treatment of MDR TB, Monitoring of MDR TB Patient)(ဆေးယဉ်ပါးသော တီဘီရောဂါသည်အား ကုသခြင်းနှင့် လူနာအား စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း)ပါ စာရွက်စာတမ်း ၃၀ ခန့်နှင့် TB in South East Asia Region (The regional report 2008), Guide Lines for the programmatre management of drug-resistant tuberculosis, Tuberculosis Infection- Control in the Era of Expanding HIV Care and Treatment စာအုပ်များကို ဒေါက်တာထွေးထွေးလှိုင် ယူလာပေးပါသည်။ ဤစာများဖတ်ကြည့်ရ၍ ကျွန်တော့်အနာဟောင်း ပြန်ထလေပြီ။

တီဘီရောဂါသည် သတ်မှတ်သည့်စံညွှန်းအတိုင်း ဆေးစားပါက ပျောက်ကင်းသည်ဟုဆိုပါသည်။ ဆိုပါစို့ ခြောက်လဆေးစားပြီး လူနာကိုယ်အလေးချိန်တက်၊ ယခင်က ဆိုးခဲ့သောချောင်းလည်းပျောက်၊ ခပ်ငွေ့ငွေ့ဖျားလည်းမရှိတော့သည့်အပြင် Sputum AFB (ခေါ်) သလိပ်တွင် တီဘီပိုးသုံးရက်ဆက်စစ်၍ မတွေ့တော့သောအခါ ရောဂါပျောက်ကင်းပြီဟု စာရင်းသွင်းပါသည်။

သို့သော် အဆုတ်တွင် TB ရောဂါပိုးဝင်ပါက ဓာတ်မှန်ရိုက်ကြည့်လျှင် ရောဂါကုသပြီးပျောက်ကင်းသည်ဟု ဆိုသော်လည်း အမာရွတ် (အနာရွတ်)များသည် (Fibrosis) ဖလင်ပြားပေါ်၌ အဖြူရောင်ပုံရိပ်များအမျိုးမျိုးအဖြစ် ထင်ကျန်နေရစ်တတ်ပါသည်။ တစ်ဖန် ထိုသူသည် နောက် ၁၀ နှစ်၊ အနှစ် ၂၀-၃၀ တိုင် အနာရွတ်များဖြင့် နေထိုင်ရရာ ထိုအတောအတွင်း အဆုတ်ရောဂါပြန်ထတတ်သည်လည်းရှိသလို ရောဂါပြန်မထဘဲ အခြားရောဂါနှင့် သေသည်ရှိသော်မှ ထိုအနာရွတ်များ (အနာရွတ်တစ်ဖြစ်လဲ ကျောက်ခဲများ=Lung Stones)တွင်းတွင် TB ရောဂါပိုးမသေဘဲ ကျန်ရစ်နိုင်ပါသည်။ ထိုအနာရွတ်များထဲမှ မသေဘဲကျန်သော ပိုးများကို ပိုးမွေးကန် (Culture disc)တွင် မွေးကြည့်ပါက ပြန်လည်ပိုးပွားနိုင်သည်ကို တွေ့ရပြန်ပါသည်။ အနာရွတ်တွင်းနေစဉ် နှစ်ရှည်လများ ပိုးမျိုးမပွားဘဲ ငြိမ်ငြိမ်လေး အသက်ရှင်နေခြင်းသာဖြစ်ပါသည်။ ရောဂါကိုလည်း ပြန်လည်ဖြစ်စေနိုင်ပါသည်။ အနာဟောင်းများ ပြန်ထသည့်သဘောပင်။

ကျွန်တော့်တွင် အဆုတ် TB မရှိပါ။ မဖြစ်ခဲ့ဖူးပါ၊ ကျွန်တော်၏ အနာဟောင်းဆိုသည်မှာ TB ရောဂါသည်များ ရောဂါပျောက်စေချင်သော ဆန္ဒ၊ TB ရောဂါပိုး- ဤကမ္ဘာမြေမှ အပြီးအပိုင် မောင်းထုတ်လိုသောဆန္ဒနှင့် ကြိုးစားအားထုတ်မှုများ၊ ဆေးယဉ်ပါးပိုး (MDR-TB)များကို နည်းအမျိုးမျိုးနှင့် သုတ်သင်ချင်သောဆန္ဒများသာ ဖြစ်ပါသည်။ ထိုဆန္ဒများနှင့်အတူ မြန်မာတိုင်းရင်းဆေးမှ (anti-TB action) TB ပိုးပွားမှုကို ရပ်တန့်စေသောဆေး (အသီး-အခေါက်-အစေ့အရွက်များ)ထဲမှ ရှာဖွေဖော်ထုတ်ရန် ၂၈ နှစ်တိုင် ကြိုးစားအားထုတ်ခဲ့ပါသည်။ သုတေသနလုပ် စာတမ်းများဖတ်ခဲ့ပါသည်။ Battle Aganst TB ပိုစတာများ ရေးဆွဲခဲ့ပါသည်။ ဆောင်းပါးများရေးခဲ့ပါသည်။ ထို့ကြောင့်ပင် တိုင်းရင်းဆေးတက္ကသိုလ်တွင် သုံးနှစ် တာဝန်ထမ်းဆောင်ခွင့်ရခဲ့ပါသည်။ ပင်စင်ယူပြီး ယခုအခါတွင် သံဃာ့ဆေးရုံ၌ ဆရာဝန် ကပ္ပိယ လုပ်နေပါသည်။

ယခုအချိန်တွင် ဤစာအုပ်များကို တွေ့ရဖတ်ရ၍ တီဘီပိုးကို ကမ္ဘာမြေပေါ်မှ မောင်းထုတ်ချင်သော ကျွန်တော်၏အနာ ဝေဒနာဟောင်းပြန်ထလာခြင်းဖြစ်ပါသည်။ ယခုစာအုပ်တွင် မြန်မာနှင့် အရှေ့တောင်အာရှနိုင်ငံများ၌ TB ရောဂါပြန့်ပွားမှု (Prevalence)၊ သေဆုံးမှု (Death) နှုန်းများကို တစ်ဖက်ပါအတိုင်းတွေ့ရပါသည် -

"အရှေ့တောင်အာရှနိုင်ငံများတွင် တီဘီရောဂါပြန့်ပွားမှုနှုန်း(Prevalence rate) ခန့်မှန်း"



အထက်ပါပုံတွင်ကြည့်ပါက ၁၉၉၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ လူဦးရေ တစ်သိန်း၌ လူ ၅၀၀ ခန့် တီဘီရောဂါ ကူးစက်ဖြစ်ပွားခဲ့ကြောင်း တွေ့ရ၍ ၂၀၀၆ ခုနှစ်တွင် ၁၇၀ ခန့်သာ ကူးစက်ဖြစ်ပွားခဲ့ကြောင်း တွေ့ရရာ ကူးစက်ပြန့်ပွားမှုကျဆင်းမှုနှုန်း ဤအတိုင်းသာဆက်သွားပါက ၂၀၂၀ ပြည့်နှစ်မတိုင်မီမှာ ကူးစက်ပြန့်ပွားမှုနှုန်း လူတစ်သိန်းမှာ တစ်ယောက်ထက်ပိုနည်းသွားမည် ဖြစ်ပေသည်။ ယခုလည်း သုံးပုံတစ်ပုံခန့် လျော့နည်းသွားကြောင်းတွေ့ရ၍ ဝမ်းသာမိပါသည်။ ထိုနည်းတူ အခြားသောနိုင်ငံများတွင်လည်း တီဘီရောဂါပြန့်ပွားမှုနှုန်း ကျဆင်းလာသည်ကို တွေ့ရသဖြင့် အားတက်မိပါသည်။ မော်လဒိုက်နိုင်ငံသည် ဤဖော်ပြပါပုံတွင် ၁၉၉၀ ၌ လူဦးရေ တစ်သိန်းတွင် ၅၀၀ ခန့် ကူးစက်၍ ၂၀၀၆ ခုနှစ်တွင် ၅၀ ခန့်သာ ကူးစက်မှုရှိသောကြောင့် ဆယ်ပုံကိုးပုံ လျော့နည်းသွားသည်ကို တွေ့ရပါသည်။ (သူ့နိုင်ငံတွင် လူဦးရေ သုံးသိန်းခန့်သာ ရှိပါသည်။)

"တီဘီရောဂါကြောင့် အရှေ့တောင်အာရှနိုင်ငံများတွင် သေဆုံးမှုနှုန်း(ခန့်မှန်း) ၁၉၉၀ - ၂၀၀၃ - ၂၀၀၆"



အထက်ပါပုံကိုကြည့်ပါလျှင် မြန်မာနိုင်ငံ၌ ၁၉၉၀ ပြည့်နှစ်က လူတစ်သိန်း၌ လူ ၅၀ ခန့် သေဆုံးခဲ့ပြီး ၂၀၀၃ ခုနှစ်မှာ ၂၅ ယောက်၊ ၂၀၀၆ ခုနှစ်မှာ ၁၃ ယောက်သာ သေဆုံးသည်ကို တွေ့ရှိမည်ဖြစ်ပါသည်။ ဤနှုန်းအတိုင်းသာ အသေအပျောက်ကျဆင်းသွားပါက ၂၀၂၀ ပြည့်နှစ်မတိုင်မီ သေဆုံးမှုနှုန်း လူတစ်သိန်းတွင် တစ်ယောက်အောက်ကျဆင်းသွားပြီး ၂၀၅၀ တွင် လူ ၁၀ သန်းတွင်မှ ဖြစ်ပွားမှု တစ်ယောက်ထက် ပိုနိုင်စရာ အကြောင်းမရှိပါ။ ထိုအချိန်တွင် တီဘီကို မြန်မာမြေပေါ်က မောင်းထုတ်နိုင်ပြီဟု ဆိုရမည်ဖြစ်ပေသည်။

ယခုအောင်မြင်မှုလမ်းကြောင်းပေါ်တွင် ရောက်နေသော ကျွန်တော်ကိုယ်တိုင် တိုက်ခဲ့သည့် တီဘီပိုးနှင့် လူသားတိုက်ပွဲကို ကျွန်တော်ဆက်တိုက်ချင်ပါသည်။ သို့သော် ကျွန်တော် ၂၈ နှစ် အားစိုက်မှုပြီးခဲ့ပါပြီ။ ကျွန်တော့်ထက် အားစိုက်နိုင်သူများ၊ ထက်မြက်သူများ မျှော်နေရပါတော့မည်။ သူတို့ကို အလှည့်ပေးရပါမည်။

မြန်မာမှာရော အရှေ့တောင်အာရှမှာရော၊ တစ်ကမ္ဘာလုံးမှာပါ ထက်ထက်မြက်မြက်၊ ဇွဲစိတ်သန်သန်နှင့် TB Fighter များ ထွန်းကားနေပါသည်။ ထို့ကြောင့် TB ပြန့်ပွားမှုနှုန်း၊ တစ်နှစ်ဖြစ်ပွားမှု၊ သေဆုံးနှုန်းများ တစ်နှစ်ထက်တစ်နှစ် ကျဆင်းသည်ကို တွေ့နေရပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုအောက်တွင် -

(၁) TB ရောဂါဝေဒနာရှင်တိုင်း သက်ဆိုင်ရာဆေး အခမဲ့ရနေကြပါပြီ။

(၂) ကျွန်တော့်မိတ်ဆွေ ဒေါက်တာမြင့်ဦးတို့လို GP ကောင်းများနှင့် အားလုံးသော ပြင်ပဆေးခန်းများ၌ တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံး(dots) နည်းဗျူဟာတွင် ပါဝင်ဆောင်ရွက်နေကြပါသည်။

(၃) (National Tuberculosis Programme) ကို PSI, MMA စသော NGO အဖွဲ့များပေါင်းစပ်ပြီး GP များ၏ စွမ်းအားကို ရယူကာ (dots) နည်းဗျူဟာနှင့်အညီ အလှမ်းကျယ်ကျယ် အလယ်စိပ်စိပ် ပိုက်စိပ်တိုက် ဆောင်ရွက်နေကြပါသည်။

ထို့ကြောင့် - - Case registration (ဆေးပေးရမည့်လူနာများစာရင်းသွင်း ဆေးပေးနိုင်မှု ၁၀၀ရာခိုင်နှုန်း)၊

- - (Cure rate ပျောက်ကင်းမှုနှုန်း ၇၉ ရာခိုင်နှုန်း) ၂၀၀၅ ခုနှစ်၊

- - drug efficacy (ဆေးအာနိသင်+dots နည်းဗျူဟာ၏ ပျောက်ကင်းနိုင်စွမ်း ၉၅ ရာခိုင်နှုန်း)၊

- - (Passive Case finding ၈၆ ရာခိုင်နှုန်း) စည်းရုံးလှုံ့ဆော် ပညာပေးရုံနဲ့ ဆေးခန်းလာပြသူနဲ့

- - တွက်ကြည့်ပါက (TB impact) ထိရောက်မှု ၆၄ ဒသမ ၅ ရာခိုင်နှုန်း လောက်ရှိနေပါသည်။

ဤ (TB impact) တီဘီရောဂါတိုက်ဖျက်ရေး ထိရောက်မှု ၆၄ ဒသမ ၅ရာခိုင်နှုန်းနှင့် သွားမည်ဆိုပါက ဆေးယဉ်ပါးမှု (MDR- TB) ရောဂါသည်များလည်း လျော့နည်းသွားမည်ဖြစ်ပါသည်။

ထို့ကြောင့် "ကျွန်တော်၏ စိတ်ကူးယဉ်နေ့အိပ်မက်များ" လမ်းခရီးတစ်ဝက်ကို အောင်မြင်စွာဖြတ်သန်းနေသည်ကို မြင်တွေ့ရသောကြောင့် ဝမ်းသာမိပါသည်။

(၆၃)နှစ်ရှိပြီဖြစ်သော အဘိုးအို၊ သံဃာ့ဆေးရုံတွင် ကပ္ပိယလုပ်နေသော အဘိုးအို၊ (၂၈) နှစ်ခန့် TB ရောဂါကို တိုက်ခဲ့သော အဘိုးအို၊ အောင်မြင်နေသော တိုက်ပွဲကိုကြည့်၍ အနာဟောင်းထကာ ပြန်တိုက်ချင်နေပါသည်။ အောင်လံလွှင့်ချင်နေပါသည်။ သို့သော် မိမိအလှည့်ပြီးသွားပြီဖြစ်၍ နောက်က မိမိထက်စွမ်းဆောင်နိုင်သော၊ ထက်မြက်သော၊ ခွန်အားရှိသောသူများကို နေရာပေးရမည် ဖြစ်ပါသည်။

မိမိတွင် ခွန်အားမပြည့်စုံတော့သော်လည်း ဆုတောင်းလေးများတော့ ပေးနေချင်ပါသည် -

(၁) GP များအားလုံး (Battle aganst TB)တွင် တိုက်ပွဲဝင်သူရဲကောင်းများ ဖြစ်ကြပါစေ။

(၂) dots (တိုက်ရိုက်ကြည့်ရှုအချိန်တို) ကုထုံးကို ဆက်လက်အရှိန်အဟုန်မပျက် အကောင်အထည်ဖော်နိုင်ကြပါစေ။

(၃) တီဘီဆေးများကို ရောဂါသည်များလက်သို့ အချိန်မှန်မှန်၊ နည်းလမ်းမှန်မှန် အပြည့်အဝ အခမဲ့ဖြန့်ဖြူးနိုင်ပါစေ။

(၄) တီဘီဝေဒနာရှင်များကလည်း dots နည်းဗျူဟာနှင့် နိုင်ငံနှင့်အဝန်း ဆေးအခမဲ့ပေးနေသည်ကို သိရှိနားလည်စွာ အချိန်မှန်ထုတ်ယူ၍ သတ်မှတ်သည့်အချိန်အတိုင်း ဆေးစားကာ ကုသမှုခံယူနိုင်ကြပါစေ။

(၅) စောင့်ကြည့်ကြီးကြပ်တည့်မတ်ပေးသောအဖွဲ့များ တိကျမှန်ကန်စွာ ရှင်းရှင်းလင်းလင်း အကဲဖြတ်သတ်မှတ်နိုင်ကြပါစေ။

(၆) MDR-TB ကုသရေးကို အထောက်အကူပြုရန်အတွက် အဆင့်မီ အစွမ်းထက်သော မြန်မာတိုင်းရင်းဆေးများလည်း မြန်မြန်ပေါ်ထွက်ကြပါစေ။

သို့မှသာ MDR-TB ဝေဒနာရှင်များ လျော့ကျသွားပြီး ရှိပြီးသား MDR-TB ဝေဒနာရှင်များကို တိုင်းရင်းဆေးဖြင့် အကျိုးပြုကာ TB ဝေဒနာရှင်များ ပြုံးပျော်နိုင်မည်ဖြစ်ပြီး ကျွန်တော်တို့ ရည်မှန်းထားသော (Virtual Elimination at AD 2050) တီဘီရောဂါပိုးတွေ့သူ လူဦးရေ ၁၀ သန်းတွင် တစ်ယောက်ခန့် ဖြစ်နိုင်ပါလိမ့်မည်။ ထိုအချိန်၌ လူဦးရေ သန်း ၁၀၀ ခန့်ရှိနိုင်သော ကျွန်တော်တို့ မြန်မာနိုင်ငံ၌ တီဘီရောဂါဝေဒနာရှင် အစစ်ပါဟု ပြောနိုင်သူ ၁၀ ယောက်ခန့်သာ ရှိမည်ဖြစ်ရာ ၂၀၅၀ ခုနှစ်လောက်တွင် ဘွဲ့ရသောဆရာဝန်ပေါက်စများအတွက် ရှားပါးသော ထူးဆန်းရောဂါသဖွယ် ဖြစ်နေပါလိမ့်မည်။

ထိုအခါမျိုးတွင် ကျွန်တော်ကဲ့သို့သောသူများ၌လည်း အနာဟောင်း ပြန်ထတော့မည် မဟုတ်တော့ပါ။

မည်သည့် တီဘီအမာရွတ်မှ ပြန်ထစရာအကြောင်းလည်း မရှိတော့ပါ- ယခုထက်မလျော့သော/တိုးတက်သောအရှိန်ဖြင့် TB ရောဂါပိုးကို သုတ်သင်နိုင်ပါစေ။ ။

မြောက်ပိုင်းဒေသများ၌ နေ့အပူချိန်လျော့နည်းနိုင်

နေပြည်တော် ဧပြီ ၈

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန် တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီ စင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန် တို့ထက် ၈ဒီဂရီ စင်တီဂရိတ်မှ ၉ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဧပြီ ၉ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်း ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေ့အပူချိန်များအနည်းငယ်လျော့နည်း နိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်ပြည်တစ်ခွင်
သာစေချင်
မီးတွင်
မပေါ်နှင့်

ကွင်းဆင်းကြီးကြပ်

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကျေးလက်ရေပေးရေး လုပ်ငန်းဖြစ်သော ရွာသစ်ကျေးရွာတွင် သန့်ရှင်း သောသောက်သုံးရေ ရရှိရေးအတွက် စက်ရေတွင်း တူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်စိုး (ဒုတိယ ညွှန်ကြားရေးမှူး) ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(သတင်းစဉ်)

ကုက္ကိုင်းရေကူးအသင်း နွေရာသီရေကူးသင်တန်းဆင်း

ရန်ကုန် ဧပြီ ၈

ကုက္ကိုင်းရေကူးအသင်း ၂၀၁၀ခုနှစ် ပထမအကြိမ် နွေရာသီရေကူးသင်တန်း ဆင်းပွဲနှင့် အောင်လက်မှတ် ချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီက ကျင်းပရာ ကုက္ကိုင်းရေကူးအသင်းဥက္ကဋ္ဌ ဦးဟန်ထွန်းမောင်၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေ အတွင်းရေးမှူး၊ အမှုဆောင်များ၊ သင်တန်းသား သင်တန်းသူများနှင့် ၄င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ကံစမ်းမဲဖောက်

ရှေးဦးစွာ ဥက္ကဋ္ဌဦးဟန်ထွန်းမောင်က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ခြင်းနှင့် သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုဆုငွေတို့ကို ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ချီးမြှင့်ပေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် အသင်းဝင်ရောက်ခွင့် ကံစမ်းမဲများ ဖောက်ပေးကြသည်။

(မြန်မာ့အလင်း)

နေပြည်တော်(ရေဆင်း)၏ အမြင့်ဆုံးအပူချိန်

နေပြည်တော် ဧပြီ ၈

နေပြည်တော်(ရေဆင်း)၏ ဧပြီ ၇ရက် အမြင့်ဆုံးအပူချိန် ၄၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၁၁၀ဒသမ ၃ ဒီဂရီဖာရင်ဟိုက်)သည် လွန်ခဲ့သော နှစ်ပေါင်း ၂၇နှစ်အတွင်း ယင်းမြို့၏ ဧပြီလအတွက် အမြင့်ဆုံးအပူချိန် စံချိန်သစ်ဖြစ်ပြီး ယခင်စံချိန်ဟောင်းမှာ ၂၀၀၇ခုနှစ် ဧပြီ ၁၇ရက်တွင် ၄၃ ဒသမ ၀ ဒီဂရီစင်တီဂရိတ်(၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်) ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၉-၄-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၂၀ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၃၀ ၅။ မဟာဂီတ ချိုကြည်မြ
- ၄း၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၅း၁၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **စကားပြောသောငှက် ငှက်ကလေးများ** (အပိုင်း-၂)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၄။ **ရှာ** ဟာသဇာတ်လမ်းတွဲ **ကြံ့ဖူးပါစ ရှာသကြိန်** မေတ္တာ၊ ချစ်ဖွယ်၊ ပေါ်လေး၊ ဂွမ်းပုံ၊ ဝင်းသပြေ ထွန်းနှင့်သရုပ်ဆောင်များ (ဒါရိုက်တာ-မိုးဇော်ကို)
- ၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၁၅)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **ကမ္ဘည်းတင်မယ့် ချင်သူရဲကောင်း** (အပိုင်း-၁၀)
- ၂၃။ ကျန်းမာရေးရဲ့လျှို့ဝှက်ချက်

ကျိုင်းတုံ-တာချီလိတ်လမ်း၌ ဆီတင်ယာဉ်တစ်စီး ဘရိတ်ပေါက်ပြီး အခြားဆီတင်ယာဉ်အားတိုက်မိ

တစ်ဦးသေဆုံး၊ နှစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၈

တာချီလိတ်မြို့မှ ကျိုင်းတုံမြို့သို့ ထွက်ခွာလာသည့် စိုင်းကျော်ဝင်း မောင်းနှင်သော နှစ်ဆန်း ၁၀ဘီး ဆီတင်ယာဉ်သည် ဧပြီ ၄ရက် ညနေ ၆နာရီ ၅မိနစ်တွင် ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-တာချီလိတ် ကားလမ်း ပန်လော့အောက်ကျေးရွာအနီး ပန်ကွဲတောင် ကုန်းဆင်း၌ ဘရိတ်ပေါက်ပြီး တင့်နိုင်ဦး မောင်းနှင်သည့် နှစ်ဆန်း ၁၀ဘီး ဆီတင်ယာဉ်ကို နောက်မှ ဝင်တိုက်ခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် စိုင်းကျော်ဝင်း မောင်းနှင်သည့်ယာဉ်မှာ လမ်းဝဲဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့ပြီး တင့်နိုင်ဦး မောင်းနှင်သည့်ယာဉ်မှာ မီးလောင်သွားခဲ့ကြောင်း သိရှိရသည်။

သေဆုံး

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း စိုင်းကျော်ဝင်း သေဆုံးပြီး ယင်းယာဉ်မှ ယာဉ်နောက်လိုက်နှင့် တင့်နိုင်ဦး မောင်းနှင်သည့် ယာဉ်တွင် လိုက်ပါလာသည့် အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာအသီးသီး ရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား ကျိုင်းတုံမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန် ဧပြီ ၈

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းနှင့် ပန်းဆိုးတန်းလမ်းတို့ရှိ TMW Enterprise SONY Show Room တည်ရှိရာ၌ ကျင်းပလျက်ရှိသော ''SONY DAYS PROMOTION 2010'' (6th March to 9th April) အရောင်းပွဲတော်နှင့် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ LG-Show Room ၌ LG-Festival 2010 အရောင်းပွဲတော် ကျင်းပနေမှုတို့ကို သတင်းအဖွဲ့ သွားရောက် စူးစမ်းလေ့လာခဲ့သည်။

ခံနိုင်ရည်

ကမ္ဘာအေးစေတီလမ်းရှိ SONY Show Room ၌'' SONY DAYS PROMOTION 2010'' ကျင်းပနေမှုနှင့် စပ်လျဉ်း၍ SONY Show Room မှတာဝန်ရှိသူတစ်ဦးက သတင်းအဖွဲ့အား ရှင်းလင်းပြောကြားရာတွင် ''ဒီ Promotion ကာလမှာ SONY အနေနဲ့ BRAVIA/ LCD/ LED TV တွေကို အထူးလျှော့ဈေးနဲ့ ရောင်းချပေးလျက်ရှိပါတယ်။ အခြားကင်မရာ အမျိုးအစားတွေကိုလည်း Memory Card လက်ဆောင်တွေနဲ့ ရောင်းချပေးနေပါတယ်။ နောက်ထပ် ထူးခြားတာတစ်ခုကတော့ SONY ရဲ့ ရေစိမ်ခံ Camera TX5 Series ကို သင်္ကြန်အမီ မိတ်ဆက်ပေးနေပါတယ်။ TX5 ရေစိမ် Camera ဟာ ရေထဲမှာ မိနစ် ၆၀စိမ်ထားပြီး ရိုက်လို့ရပါတယ်။ သဲဒဏ်၊ ဖုန်ဒဏ်ကို ခံနိုင်ရည်ရှိပြီးတော့ ငါးပေအမြင့်က အရှိန်နဲ့ လွတ်ကျရင်လည်း ခံနိုင်ရည်ရှိပါတယ်''။

အရောင်းပွဲတော်

ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ LG-Show Room ၌ LG-Festival 2010 အရောင်းပွဲတော် ကျင်းပစဉ်။
(သတင်းစဉ်)

ရန်ကုန်မြို့ရှိ TMW Enterprise SONY Show Room ၌ ကျင်းပလျက်ရှိသော ''SONY DAYS PROMOTION 2010'' အရောင်းပွဲတော် ကျင်းပစဉ်။ (သတင်းစဉ်)

TMW Enterprise သင်္ကြန်အကြို အရောင်းမြှင့်တင်

ဆက်လက်၍ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ''LG-Festival'' အရောင်းပွဲတော် ကျင်းပရာ LG Show Room သို့ရောက်ရှိရာ Show Room မှ တာဝန်ရှိသူတစ်ဦးက ''ကျွန်မတို့ LG-Festival 2010 အရောင်းပွဲတော်ကို မတ် ၉ရက်မှ ဧပြီ ၉ရက်အထိ ကျင်းပနေပါတယ်။ LG ရဲ့ Promotion ကာလအတွင်းမှာ LG ရုပ်သံပစ္စည်းဖြစ်တဲ့ LCD/Plasma TV/ DVD/ Home Theater ပစ္စည်း

များ၊ အဝတ်လျှော်စက်၊ လေအေးပေးစက်၊ ရေခဲသေတ္တာ၊ မိုက်ကရိုဝေ့ဗ်၊ ဖုန်စုပ်စက်များကိုလည်း အထူးချိုသာတဲ့ ဈေးနှုန်းနဲ့ အတူ ခရီးဆောင်အိတ်၊ မျက်နှာသုတ်ပဝါ၊ ဦးထုပ်များကိုပါ အထူးလက်ဆောင် ပေးပါတယ်။

အခမဲ့တပ်ဆင်

''ဒီနှစ်သင်္ကြန်အထူးအစီအစဉ် အနေနဲ့ LG- လေအေးပေးစက် (Split Type) တွေကို Frame,Safegurad လက်ဆောင်တွေနဲ့အတူ အခမဲ့တပ်ဆင်ပေးတဲ့ဝန်ဆောင်မှုကိုပါ ဧပြီ ၁ရက်မှ ၉ရက်အထိ ကိုးရက်တိုင်တိုင် ရောင်းချပေးလျက်ရှိပါတယ်'' ဟု သတင်းအဖွဲ့ကို ရှင်းပြသည်။

ထို့နောက် ကျွန်တော်တို့ သတင်းအဖွဲ့သည် T-Home Brand မှတာဝန်ရှိသူအား မေးမြန်းရာ ''ကျွန်တော်တို့ T-Home Brand အနေနဲ့ TV,LCD, Water dispenser, Freezer တွေကို ငွေကျပ်သိန်း ၁၈၀ဖိုးဝယ်ယူတဲ့ အရောင်းကိုယ်စားလှယ်ကြီးတွေကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းကို အခမဲ့ ပို့ဆောင်ပေးမှာ ဖြစ်ပါတယ်။ T-Home Brand ရဲ့ဘာပစ္စည်းဝယ်ဝယ် T-Home မှ ထုတ်လုပ်ဖြန့်ချိမယ့် သင်္ကြန်သီချင်း VCD တွေကို လက်ဆောင်ပေးပါတယ်။

သီဆိုဖျော်ဖြေ

''ကျွန်တော်တို့ ဒီနှစ် T-Home သင်္ကြန်မဏ္ဍပ်ကို Sedona Hotel ရှေ့ မြကျွန်းသာဥယျာဉ်ရှေ့မှာ ဆောက်လုပ်နေပါတယ်။ T-Home သင်္ကြန်မဏ္ဍပ်မှာ Century, Cobra H တေးဂီတအဖွဲ့များနဲ့အတူ အဆိုတော်များက သီဆိုဖျော်ဖြေ ဧည့်ခံမှာဖြစ်ပြီးတော့ မနှစ်ကလိုပဲ T-Home သင်္ကြန်စီးရီးတွေ ထွက်ဖို့ရှိပါတယ်''ဟု ဖြေကြားသည်။

SONY DAYS PROMOTION 2010 တွင် SONY ၏ နာမည်ကျော် လျှပ်စစ်ပစ္စည်းများအပြင် I max တံဆိပ်ကြွေပြား၊ ကျောက်ပြား၊ ရေချိုးခန်းသုံးပစ္စည်းများကိုလည်း ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

ကြိုတောင့်ကြိုခဲ

TMW Enterprise ၏ SONY DAYS PROMOTION 2010 သင်္ကြန် အထူးအရောင်းပွဲတော် ကြိုတောင့်ကြိုခဲကို လက်မလွှတ်စေရန် သွားရောက် ဝယ်ယူအားပေးနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ **(သတင်းစဉ်)**

ပြင်ဆင်ဖတ်ရှုပါရန်

ဧပြီ ၇ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၉)၌ ဖော်ပြပါရှိသည့် နိုင်ငံတကာအဆင့် အစားအစာ ချက်ပြုတ်ပြင်ဆင်နည်း သင်တန်းဖွင့်လှစ်မည် သတင်းတွင် စာရင်းပေးသွင်းနိုင်သည့် တယ်လီဖုန်းများအနက် ၂၅၃၂၀၀(အစား) ၅၂၃၂၀၀ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်)

ဝါဆိုဖယောင်းတိုင် ဆက်လက်လင်းနေဦးမည်

ရန်ကုန် ဧပြီ ၈

ဒါရိုက်တာမိုက်တီး၏ ကျိုက်ထီးရိုးဆံတော်ရှင် နောက်ခံဇာတ်လမ်းဖွဲ့ထားသော ဝါဆိုဖယောင်းတိုင်မှာ နဝဒေး၊ သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ဆက်လက်အားကောင်းနေဆဲဖြစ်သည်။

နိုင်ငံခြားဇာတ်ကားများ

နေပြည်တော်ရုံတွင် ဘရစ်ဝီလီ အဓိကပါဝင်ထားသော စက်ရုပ်လူသားစုံထောက်ဇာတ်လမ်း Surrogates ဆက်လက်ပြသနေပြီး ရှေ့ဆောင်ရုံတွင် အချစ်သူရဲကောင်း Veer ပြသနေဆဲဖြစ်သည်။

အချစ်နှင့်ကံ

ဒါရိုက်တာဝိုင်းရိုက်ကူးပြီး ပြေတီဦးနှင့် မိုးဟေကိုတို့ပါဝင်ထားသော အချစ်နှင့်ကံ Luck & Love အဆင့်မီမြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေမန်း၊ စံပြ၊ သီတာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

ဝါဆိုဖယောင်းတိုင်ထွန်းမည့် လွင်မိုး၊ လူမင်းနှင့် ခန့်စည်သူတို့ သုံးဦး၏မြင်ကွင်း။

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

အိန္ဒိယဇာတ်ကားများ

မြို့မရုံတွင် ငရဲသား ဇာတ်ကားဆက်လက်ပြသနေပြီး နှစ်ဆန်းတစ်ရက် ဧပြီ (၁၇)ရက်မှစ၍ အိန္ဒိယ အက်ရှင်ဒရမ်မာ ဇာတ်ကား Khi Ladi 420 ဆက်လက်ပြသမည်ဖြစ်ကြောင်း သိရသည်။ ယင်းဇာတ်ကားတွင် မင်းသား အက်ရှေးကူးမားနှင့် မင်းသမီး မဟီမာချောင်ဒရီတို့ အဓိကပါဝင်ထားသည်။ ဘုရင့်ရုံတွင် မင်းသား ဆာလ်မန်ခန်း၏ နာမည်ကြီးဇာတ်ကား Wanted ပြသနေသည်။

မဟာသင်္ကြန်နားမည်

မဟာသင်္ကြန်ကာလဖြစ်သော ဧပြီ ၁၄-၁၅-၁၆ရက်များတွင် ရုပ်ရှင်ရုံများ ပြသမည်မဟုတ်ဘဲ နှစ်ဆန်းတစ်ရက် ဧပြီ (၁၇)ရက်တွင် ပြန်လည်ပြသမည် ဖြစ်သည်။ ။

(မြန်မာ့အလင်း)

ရေမြောင်းတူးဖော်

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ကံပိုင်ရပ်ကွက် ဦးဥတ္တမလမ်းဘေးရှိ ရေမြောင်းများအား ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော် ဆောင်ရွက်နေမှုကို မတ် ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဖော်ဇံနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြသန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ မြဝတီခရိုင်၌ဖြန့်ဝေ

မြဝတီ ဧပြီ ၂

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှပေးပို့သော လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေပွဲအခမ်းအနားကို ဧပြီ ၁ရက်က မြဝတီခရိုင် မြဝတီမြို့နယ် သံတံတားမော်တော်ယာဉ်ရပ်နားစခန်းဝင်း၌ကျင်းပရာ ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားသည်။

(အပေါ်ပုံ)

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကားအသင်းဂိတ်မှူးများနှင့် ဆိုင်ကယ်အသင်းဂိတ်မှူးများ တက်ရောက်ကြသည်။

ဖြန့်ဝေ

အခမ်းအနားတွင် ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ကားအသင်းဂိတ်မှူးများနှင့် ဆိုင်ကယ်အသင်းဂိတ်မှူးများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။ (ခရိုင် ပြန်/ ဆက်)

စာကြည့်တိုက်များ ခိုင်မာရေးနှင့် စာအုပ်လှူဒါန်းပွဲ ဟုမ္မလင်း၌ကျင်းပ

ခန္တီး ဧပြီ ၁

ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် နမ့်မောင်ခမ်းကျေးရွာ အလင်းတန်းစာကြည့်တိုက်၌ မတ် ၁၅ရက်က ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပသည်။

ပြောကြား

ရှေးဦးစွာ ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်ကျော်က ကျေးရွာစာကြည့်တိုက်များ အနေဖြင့် စာငှားသူ၊ စာဖတ်သူများဖြင့် စည်ကားနေသော စာကြည့်တိုက်များ ဖြစ်အောင် ဆောင်ရွက်ရန်၊ စာကြည့်တိုက်ရန်ပုံငွေမရှိဘဲ အောင်မြင်နိုင်မည်မဟုတ်သောကြောင့် ငွေကြေးပါသော စာငှားစနစ်ကို ဆောင်ရွက်နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး ဦးမြင့်ကျော်က စာအုပ်မျိုးစုံ အုပ် ၃၀နှင့် မြို့နယ်ဦးစီးမှူး ဦးမြိုင်သန့်က စာအုပ်စာစောင် ၂၀တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးဦးသိန်းဖေက လက်ခံယူ၍ ကျေးဇူးတင်စကားပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

နမ့်စန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးမီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိမှု၊ လုံခြုံရေးလျှပ်စစ်မီးများ သွယ်တန်းထားရှိမှုနှင့် မီးဘေးကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို မတ် ၂၆ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်အေး၊ ဈေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြပ်မတ်စဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်း ထွေတလာ

ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ရေရရှိရေး ဆောင်ရွက်လျက်ရှိရာ ပိန္နဲကုန်း(တောင်)ကျေးရွာ ရေကန်တည်ဆောက်ခြင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

အမရပူရ၌ ပိုက်ဖြင့် နွေစပါးပျိုးထောင်ခြင်း သရုပ်ပြ

မြစ်ငယ် ဧပြီ ၁

မန္တလေးတိုင်း အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု တောင်သူဦးတင်ထွန်း၏ လယ်မြေ ကွင်းအမှတ် (၅၈၈/ဂ)တွင် ရွှေသွယ်ရင်မျိုး နွေစပါး လေးဧကအား ပိုက်ဖြင့် ပျိုးထောင်ခြင်း သရုပ်ပြပွဲကို မတ် ၂ရက်က ကျင်းပသည်။

ခံစားနိုင်

ပိုက်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းအားဖြင့် ငွေကုန်လုပ်ပန်းသက်သာပြီး ပျိုး ပင်မနာ၍ မြစ်စဉ်အားကောင်းခြင်း၊ ရက်သတ်ပျိုးထားရန်မလိုခြင်း၊ ကောက်ပင်လှန် မြန်ဆန်ခြင်း၊ မျိုးသန့်၊ စုဆောင်း၊ သယ်ယူ၊ ထိန်းသိမ်းရလွယ်ခြင်း၊ ပိုက်တစ်ခုကို လေးနှစ်မှ ငါးနှစ်အထိ သုံးနိုင်ခြင်း၊ အနှံ့ပါပင်ပွားများ၍ ပန်းတိုင်အထွက်နှုန်းထွက်ရန် ကောင်းမွန်ခြင်း စသည့် အကျိုးကျေးဇူးများခံစားနိုင်မည်။

၂၀၀၉-၂၀၁၀ ခုနှစ် အမရပူရမြို့နယ်တွင် နွေစပါး ဧက ၁၁၁၀၀ စိုက်ပျိုးရန် လျာထားပြီး ယနေ့အထိ ပျိုးထောင်ပြီး ၇၇၄၉ဧကနှင့် စိုက်ပျိုးပြီး ၁၉၇၄ဧက ဖြစ်သည်။

(ဝ၈ဝ)

(၆၅)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ကျေးလက်ကျန်းမာရေးဌာနခွဲ မရိုးခရွာ၌ဖွင့်

ဇလွန် ဧပြီ ၄

ဟင်္သာတခရိုင် ဇလွန်မြို့နယ် မရိုးခကျေးရွာအုပ်စု မရိုးခကျေးရွာတွင် မတ် ၂၄ရက်က (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်ဖွင့်ပွဲကို အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်သိန်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကြည်ဇင်လင်းနှင့် ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိန်လင်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ)

ရှင်းလင်းတင်ပြ

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်သိန်းနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကြည်ဇင်လင်းတို့က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိန်လင်းက ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ ဆောက်လုပ်ရခြင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျေးလက် ကျန်းမာရေးဌာနခွဲ ဆေးပဒေသာပင် ရန်ပုံငွေထူထောင်ရန်အတွက် အလှူရှင်လေးဦးက ရန်ပုံငွေများ လှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

ကွန်ဟိန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မိုးခိုင်နှင့် ဝန်ထမ်းများ ပြည်ထောင်စုလမ်းရှိ ကြက်လျှာစွန်းပန်းအလှခုံ ပြုပြင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁ရက်က အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်ဆောက်လုပ်ရန် မြေနေရာရွေးချယ်

တောင်ကြီး ဧပြီ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်နှင့် စာကြည့်တိုက်တာဝန်ခံ ဒေါ်နီလာလွင်တို့သည် မတ် ၆ရက်က တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စု ကွန်လုံ(ပဟိုနား) ကျေးရွာတွင် နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောက်လုပ်မည့် စာကြည့်တိုက်မြေနေရာကို ကွန်လုံကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဉာဏ်ထွန်းနှင့် အဖွဲ့ဝင် ဦးဝင်းတင်၊ ကွန်လုံ(ပဟိုနား)ကျေးရွာဥက္ကဋ္ဌ ဦးအောင်သွယ်နှင့် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့်အတူ မြေနေရာရွေးချယ်သတ်မှတ်ကြသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့သည် သတ်မှတ်စံ(၅)ချက်နှင့် အညီ စာကြည့်တိုက်ဖြစ်ပေါ်ရေး၊ စာကြည့်တိုက်မြေနေရာ မြေပုံစံ(၁၀၅)ရရှိရေး၊ စာငှားကတ် စနစ်ကျင့်သုံးရေး၊ စာအုပ်တိုးပွားရေးနှင့် စာဖတ်ရှိန်မြင့်မားရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

ငါး/ပုစွန်မွေးမြူသူများ လိုင်စင်လဲလှယ်ရန် သတိပေးနှိုးဆော်ချက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံအတွင်း ငါးမွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် ငါးမွေးမြူရေးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာနသည် အဆိုပါဥပဒေနှင့်အညီ ငါး/ပုစွန်မွေးမြူရေး လိုင်စင်၊ ငါး/ပုစွန်သားပေါက်ထုတ်လုပ်ခြင်းလိုင်စင်၊ အလှမွေးငါးမွေးမြူခြင်းလိုင်စင် စသည်များကို ထုတ်ပေးလျက်ရှိရာ ယခုအခါ လိုင်စင်ရရှိထားသူများသည် ၂၀၁၀-၂၀၁၁ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆက်လက်လုပ်ကိုင်ခွင့်ရရှိရန်အတွက် သက်ဆိုင်ရာ မြို့နယ်/ခရိုင် ငါးလုပ်ငန်းဦးစီးဌာနများ၌ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုင်စင်အသစ် လဲလှယ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက နှိုးဆော်ထားသည်။

ထို့အပြင် ငါး/ပုစွန်မွေးမြူခြင်းဆိုင်ရာ လုပ်ငန်းများကို စတင်လုပ်ကိုင်လိုသူများသည် သက်ဆိုင်ရာ မြို့နယ်/ခရိုင် ငါးလုပ်ငန်းဦးစီးဌာနများ၌ လိုင်စင်လျှောက်ထားရယူပြီးမှသာ လုပ်ကိုင်ကြရမည်ဖြစ်ပြီး ငါးမွေးမြူခြင်းလိုင်စင်မရှိဘဲ ငါး/ပုစွန်မွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နေကြောင်း စစ်ဆေးတွေ့ရှိရပါက ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပဲခူး-သနပ်ပင် မော်တော်ကားလမ်းနံဘေး၌ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးဖြစ်ထွန်းနေသော ရွှေဝါရောင် နွေစပါးစိုက်ခင်းများကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။

ပဲခူးတိုင်းတစ်ခွင် အသွင်ဆန်းသစ် အထွက်တိုးစေမည့် ပျိုးသက်နု စပါးစိုက်ပျိုးနည်း

သတင်းခရီးသည် - သတင်းထောက်စဥ့်ကူစိုးဝင်း ❖ ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ဖြိုးစည်သူ (အင်းစိန်) ❖ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၈

မြန်မာနိုင်ငံ၏ ဒုတိယစပါးကျီ။ တစ်နံတစ်လျား မြင်တွေ့ရသည့် စပါးစိုက်ခင်းများ။ နှစ်စဉ် စပါးအထွက်တိုးနေသော ပဲခူးတိုင်း....။ စပါးစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းနေသော ပဲခူးတိုင်းအတွင်း စပါးစိုက်ပျိုးမှုကို လေ့လာရန် သတင်းခရီးသည် မကြာမီရက်ပိုင်းက ပဲခူးမြို့သို့ ရောက်ရှိခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၈

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ကြေးမုံ နားမည်

ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်ဖြစ်သည်။

မြန်မာ့အလင်းနှင့် နယူးလိုက်အော့ဖ် နားမည်

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန် ၈-၄-၂၀၁၀

နေပြည်တော်ပျဉ်းမနား	၄၃ ဒသမ ၅	ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၄ ဒသမ ၆	ဒီဂရီစင်တီဂရိတ်
ချောက်မြို့	၄၅	ဒီဂရီစင်တီဂရိတ်
မန္တလေးမြို့	၄၄	ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၄	ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၄	ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၄	ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	၄၄	ဒီဂရီစင်တီဂရိတ်